# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဌ်တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက် | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ် (၁၂၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် ပြန်လာရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသော မြန်မာနိုင်ငံသားများကို တပ်မတော်မှ ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာရန်အခက်အခဲရှိသော မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲကြုံတွေ့လျက်ရှိသည့် မြန်မာနိုင်ငံသား ၆၇၉ ဦးကို ထိုင်းနိုင်ငံ တာဝန်ရှိသူများထံမှ တနင်္သာရီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းထူး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့က ထိုင်းနိုင်ငံ ရနောင်းမြို့ အကောက်ခွန်တံတားတွင် စနစ်တကျ သွားရောက်လွှဲပြောင်းလက်ခံ၍ ရေယာဉ်များဖြင့် သွားရောက်ခေါ်ဆောင်ခဲ့ရာ ကော့သောင်းမြို့ ရွှေဝက်ဝံဆိပ်ခံတံတားသို့ ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်တွင်

*စာမျက်နှာ ၁၁ ကော်လံ ၁* ❍

## ပြည်သူများ ခရီးသွားလာရေးအဆင်ပြေစေရေးအတွက် ကျောက်တော် - ပလက်ဝ သင်္ဘောခရီးစဉ် အပတ်စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိ

**ကျောက်တော် ဖေဖော်ဝါရီ ၂**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်သို့ ရေနယားသင်္ဘောခရီးစဉ်အား အပတ်စဉ်ပုံမှန်ပြေးဆွဲပေးခြင်းကြောင့် အများပြည်သူခရီးသွားလာရေးနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးတို့အတွက် အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေနယားသင်္ဘောခရီးစဉ် ပြေးဆွဲခြင်းကို အခြေအနေအမျိုးမျိုးကြောင့် ရပ်ဆိုင်းခဲ့ရာ ကျောက်တော်မြို့နယ်နှင့် ပလက်ဝမြို့နယ်ရှိ အများပြည်သူများအနေဖြင့် ကျောက်တော်မြို့နယ်အတွင်းရှိ ကုန်ပစ္စည်းများကို ချင်းပြည်နယ် ပလက်ဝမြို့အတွင်းရှိဈေးဆိုင်များသို့ ကုန်စိမ်း၊ ကုန်ခြောက်များ အချိန်မီဖြည့်တင်းပေးခြင်း၊ ဒေသထွက်ကုန်ပစ္စည်းများကို ကျောက်တော်မြို့ မြို့မဈေးကြီးအတွင်း ရောင်းကုန်၊

*စာမျက်နှာ ၁၀ ကော်လံ ၁* ❒



**ယနေ့** *ဖတ် စ ရာ*


လူရည်ချွန် လူရည်မွန်

ဆောင်းပါး | စာ ၆

.......................

၂၀၂၂ ခုနှစ်အတွင်း တိုင်ကြားစာများ၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်မှုစခန်းများ ကြည့်ရှုစစ်ဆေးမှုတို့နှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

ပြည်တွင်းသတင်း | စာ ၈

.......................

ရွှေလီနယ်စပ်ဂိတ်၌ ကပ်ရောဂါမတိုင်မီက အခြေအနေသို့ ပြန်လည်ရောက်ရှိ

ကုန်သွယ်စီးပွား | စာ ၂၀

# လူငယ်လူရွယ်များအတွက်အန္တရာယ် အကြမ်းဖက်အွန်လိုင်းဂိမ်းများ ရှောင်ရှား

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH , NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အကြမ်းဖက်သမား၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများကို လိုက်ပါလုပ်ဆောင်ခြင်း၊ ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းတို့ကို သိနားလည်၍ဖြစ်စေ၊ မသိနားမလည်ဘဲဖြစ်စေ ပြုလုပ်မိခဲ့ပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီး၊ ဆက်သွယ်ရေးဥပဒေနှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည်ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများက စဉ်ဆက်မပြတ် အသိပေးလျက်ရှိသည်။

ထို့အပြင် အကြမ်းဖက်မှုပပျောက်ရေးအတွက် CRPH , NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုရန်၊ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ရန် ပြည်သူသို့အသိပေးနှိုးဆော်ချက် နေ့စဉ်ထုတ်ပြန်ကာ အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်နိုင်ရေးအတွက် တိုက်တွန်းဆော်ဩလျက်ရှိသည်။ မကြာသေးမီရက်ပိုင်းအတွင်းက "အကြမ်းဖက်အဖွဲ့အစည်းများကို အားပေးရာရောက်သည့် ဂိမ်းကစားခြင်း၊ ကြော်ငြာထည့်သွင်းခြင်းသည် ဥပဒေအရ အရေးယူခံရနိုင်ကြောင်း" အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့က ဖုန်းမက်ဆေ့ချ်များပေးပို့ သတိပေးလျက်ရှိရာ ဂိမ်းဆော့သည့် လူငယ်များနှင့် ကြော်ငြာထည့်သွင်းသည့် လုပ်ငန်းရှင်များ အနေဖြင့်လည်း အကြမ်းဖက်အားပေးရာမရောက်အောင် အလေးအနက် ဂရုပြုရှောင်ရှားကြရန်လိုသည်။

အကြမ်းဖက်အုပ်စုသည် ၎င်းတို့၏ အကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများအတွက် ငွေကြေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် နည်းလမ်းပေါင်းစုံဖြင့် ရှာဖွေလျက်ရှိရာ Game Application များတီထွင်၍ Online တွင် အလွယ်တကူဆော့ကစားနိုင်စေရန် ပြုလုပ်၍ ဝင်ငွေရှာဖွေလျက်ရှိသည်။ အဆိုပါဂိမ်းများသည် အကြမ်းဖက်အုပ်စုများအတွက် ငွေကြေးရရှိရုံသာမက ဂိမ်းကစားသူ လူငယ်လူရွယ်များ အတွင်း မြန်မာ့တပ်မတော်အပေါ် လွဲမှားစွာ ထင်မြင်လာစေရန်၊ အလိုအလျောက်ဆန့်ကျင်သည့်စိတ်များ ပေါ်ပေါက်လာစေရန် ဖန်တီးထားခြင်းဖြစ်သည်။ ဂိမ်းကစားရန် ဝါသနာပါသူ လူငယ်လူရွယ်များအဖို့ မိမိတို့ကြိုက်နှစ်သက်ရာ ရွေးချယ်ဆော့ကစားနိုင်သော ဂိမ်းများအွန်လိုင်းတွင် သန်းနှင့်ချီ၍ရှိနေသည်။ အကြမ်းဖက်အုပ်စုများနှင့် ဆက်နွှယ်နေသော ဆက်စပ်နေသောဂိမ်းများမှာ အနည်းငယ်မျှသာရှိနေပြီး ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှုတို့ကလည်း နိုင်ငံကို ဖျက်ဆီးရန်၊ အလုံးစုံပျက်စီးသွားစေရန်အတွက်သာဖြစ်သည်။ ဂိမ်းများ၏ အရည်အသွေး၊ အဆင့်အတန်းအားဖြင့်လည်း ကောင်းမွန်လှသည်မဟုတ်ဘဲ အကြမ်းဖက်အဖွဲ့ ငွေရှာရန်သက်သက်သာဖြစ်ရာ ၎င်းဂိမ်းများကို ဝင်ကစားသူများမှာလည်း အကြမ်းဖက်ထောက်ပံ့ရန်သက်သက်အတွက်သာဟူ၍ ကောက်ချက်ချဖွယ်ရာပင်ဖြစ်သည်။

လူငယ်လူရွယ်များ အကြိုက်များသည့် ပစ်ခတ်တိုက်ခိုက်မှု ဂိမ်းများကိုမှီငြမ်းကာ အကြမ်းဖက်အုပ်စုများ၏ ဝါဒဖြန့်အတွေးအခေါ်များ သွတ်သွင်း၍ ဖန်တီးထားသော ဂိမ်းများမှ ရရှိသောငွေများကို အပြစ်မဲ့ပြည်သူများ၊ ဝန်ထမ်းများ၊ ရဟန်းသံဃာများကို လုပ်ကြံသတ်ဖြတ်ရန်၊ အများပြည်သူဆိုင်ရာအဆောက်အအုံများ၊ လမ်း တံတားများကို ဖျက်ဆီးရန်၊ ဖောက်ခွဲရန်၊ နိုင်ငံအတွင်း အကြမ်းဖက်ဝါဒဖြင့် အကြောက်တရား သွတ်သွင်းရန်အတွက် အထောက်အပံ့တစ်ရပ်အဖြစ်အသုံးပြုခြင်းဖြစ်သည်။ အကြမ်းဖက်အွန်လိုင်းဂိမ်းများကို ရှောင်ရှားခြင်းဖြင့် မိမိကိုယ်တိုင်နှင့် မိမိတို့နေထိုင်ရာ ရပ်ရွာလူ့အဖွဲ့အစည်းအား အကြမ်းဖက်အဖျက်လုပ်ရပ်များ အန္တရာယ်မှ ကာကွယ်နိုင်ကြပါစေကြောင်း။ ။




## တိုင်းရင်းသားများ စည်းလုံးအားဖြင့် လက်တွဲမပျက် ရှေ့သို့ဆက်။

## ၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

၂။ ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၃။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ရေး။

၄။ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

၅။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် နေရာကွက် ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

မိုး/ဇလ

## ပုဏ္ဏားကျွန်းမြို့နယ်၌ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေးကွင်းဆင်းဆောင်ရွက်

ပုဏ္ဏားကျွန်း ဖေဖော်ဝါရီ ၂

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားအန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှု လျှော့ချနိုင်ရေးအတွက် Ami မီတာများ စစ်ဆေးလဲလှယ်တပ်ဆင်ခြင်း၊ 11 KV,0.4 KV ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်းရှင်းလင်းခြင်း၊ 11/0.4 KV ထရန်စဖော်မာများကို ဝန်ဆောင်အားမျှခြင်း လုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်လျှပ်စစ်မှူး ဦးမိုးကျော်သူနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ပုဏ္ဏားကျွန်း မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေးအတွက် အဆိုပါကွင်းဆင်းဆောင်ရွက်ခြင်း လုပ်ငန်းများအား စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဂွမြို့နယ်၌ ဖြုန်းလမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ဂွ ဖေဖော်ဝါရီ ၂

ရခိုင်ပြည်နယ် ဂွမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းမှ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကြွေချိုင်ကျေးရွာ ဖြုန်းလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်နှင့် ဝန်ထမ်းများက ယမန်နေ့နံနက်ပိုင်းက ကြွေချိုင်ကျေးရွာအုပ်စုအတွင်း ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကြွေချိုင်ကျေးရွာ ဖြုန်းလမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းမှ နိုင်ငံတော်ထောက်ပံ့ခွင့်ပြုရန်ပုံငွေကျပ် ၁၀ ဒသမ ၇၈ သန်း အကုန်ကျခံခဲ့ပြီး လမ်းအရှည် ပေ ၂၃၅၀ ၊ အကျယ် ၁၃ ပေ၊ လမ်းထု ခြောက်လက်မရှိကာ ကျေးရွာကော်မတီဝင်များက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရွှေရည်ဝင်းကျော်(ပြန်/ဆက်)

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

## စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ်၊ ၁ / ၂၀၂၃ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၁ / ၂၀၂၃**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law)အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) **စစ်ကိုင်းတိုင်းဒေသကြီး**
(၁) အင်းတော်မြို့နယ်
(၂) ဗန်းမောက်မြို့နယ်
(၃) ကောလင်းမြို့နယ်
(၄) ပင်လယ်ဘူးမြို့နယ်
(၅) မြောင်မြို့နယ်
(၆) ဆားလင်းကြီးမြို့နယ်
(၇) ပုလဲမြို့နယ်
(၈) ယင်းမာပင်မြို့နယ်
(၉) ခင်ဦးမြို့နယ်
(၁၀) တန့်ဆည်မြို့နယ်
(၁၁) ရေဦးမြို့နယ်
(ခ) **ချင်းပြည်နယ်**
(၁) တီးတိန်မြို့နယ်
(၂) တွန်းဇံမြို့နယ်
(၃) ဖလမ်းမြို့နယ်
(၄) ကန်ပက်လက်မြို့နယ်
(၅) မတူပီမြို့နယ်
(၆) ထန်တလန်မြို့နယ်
(၇) ဟားခါးမြို့နယ်

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေ အရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍ လည်းကောင်း စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## စစ်အုပ်ချုပ်ရေး (Martial Law) အမိန့်အမှတ်၊ ၂ / ၂၀၂၃ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၂ / ၂၀၂၃**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေဖြစ်သည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) ဂန့်ဂေါမြို့နယ်
(ခ) ထီးလင်းမြို့နယ်
(ဂ) ဆောမြို့နယ်
(ဃ) ပေါက်မြို့နယ်
(င) မြိုင်မြို့နယ်

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍ လည်းကောင်း စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ်၊ ၃ / ၂၀၂၃ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၃ / ၂၀၂၃**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) ထန်းတပင်မြို့နယ်
(ခ) အုတ်ဖိုမြို့နယ်
(ဂ) နတ်တလင်းမြို့နယ်
(ဃ) ပေါင်းတည်မြို့နယ်
(င) ပေါက်ခေါင်းမြို့နယ်

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေ အရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ်၊ ၄ / ၂၀၂၃ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၄ / ၂၀၂၃**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေဖြစ်သည့် မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်များအတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်။

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ်၊ ၅ / ၂၀၂၃ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၅ / ၂၀၂၃**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်၊ တိုင်းမှူးအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်နှင့် ပုလောမြို့နယ်များ အတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်။

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေ အရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ထူးခြားသည့် ညအပူချိန်များမှာ မိုင်းယန်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီနှင့် လွိုင်လင်မြို့နှင့် ပလက်ဝမြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

## စစ်အုပ်ချုပ်ရေး (Martial Law) အမိန့်အမှတ်၊ ၆ / ၂၀၂၃ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၆ / ၂၀၂၃

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) ဒေသကွပ်ကဲရေးမှူးအား ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) နယ်မြေဖြစ်သည့် ကယားပြည်နယ်အတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) ဒီမော့ဆိုမြို့နယ်
(ခ) ဖရူဆိုမြို့နယ်
(ဂ) ရှားတောမြို့နယ်
(ဃ) ဘော်လခဲမြို့နယ်

၂။ ဒေသကွပ်ကဲရေးမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ် မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## စစ်အုပ်ချုပ်ရေး (Martial Law) အမိန့်အမှတ်၊ ၇ / ၂၀၂၃ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၇ / ၂၀၂၃

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်စွဲပါ စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၁/ ၂၀၂၃၊ အမိန့်အမှတ် ၂/၂၀၂၃နှင့် အမိန့်အမှတ် ၃/၂၀၂၃၊ အမိန့်အမှတ် ၄/၂၀၂၃၊ အမိန့်အမှတ် ၅/၂၀၂၃နှင့် အမိန့်အမှတ် ၆/၂၀၂၃တို့ဖြင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) ဒေသကွပ်ကဲရေးမှူးတို့အား စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)တို့၏ နယ်မြေများဖြစ်သည့် သတ်မှတ်မြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်) ဒေသကွပ်ကဲရေးမှူးတို့၏ ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများသတ်မှတ်၍ စစ်နယ်မြေမှူးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**
(၁) လုံခြုံရေးကိစ္စရပ်များ၊
(၂) လူမှုရေးကိစ္စရပ်များ၊
(၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
(၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

(ခ) **တရားစီရင်ရေး**
(၁) **တရားရုံးများဖွဲ့စည်းခြင်း။** အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေး ကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။
(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။
(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-
(ကက) သေဒဏ်၊
(ခခ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်၊
(ဂဂ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။
(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် သက်ဆိုင်ရာ တိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးတို့၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့် ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း။
(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း။
(ဂဂ) ပြစ်ဒဏ်ကိုပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း။
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကိုအတည်ပြုခြင်း။
(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့် စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။
(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅) ရက်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅)ရက်အတွင်း သက်ဆိုင်ရာ တိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးများထံသို့ လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာ တိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးများသည် မိမိသဘော အလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
(ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။
(၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာ တိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးများက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့် ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) ဒေသကွပ်ကဲရေးမှူးတို့သည် မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လွိုင်ကော်) ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေသော အခြေအနေ အရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ အစီရင်ခံရမည်။

အမိန့်အရ

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နောက်ဆက်တွဲဇယား(က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊
၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊
၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊

စာမျက်နှာ ၅ သို့

*စာမျက်နှာ ၄ မှ*

၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊
၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊
၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊
၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊
၉။ လူသတ်မှု၊
၁၀။ လူသေမှု၊
၁၁။ မုဒိမ်းမှု၊
၁၂။ လုယက်မှု၊
၁၃။ ဓားပြမှု၊
၁၄။ အဂတိလိုက်စားမှု၊
၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊
၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊
၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းများကာကွယ်စောင့်ရှောက်ရေး ဥပဒေအရ ပြစ်မှုများ၊
၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊
၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြစ်မှုများ။
၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရပြစ်မှုများ၊
၂၂။ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရပြစ်မှုများ၊
၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများ၊

## ပြောင်းရွှေ့တာဝန်ပေးအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၁၄ / ၂၀၂၃**
၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)
**ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါဌာနများသို့ ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်နုမြဖုံ<br>အဖွဲ့ဝင်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့်<br>ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၂) | ဒေါက်တာ မိုးဇော်ထွန်း<br>ဒုတိယဝန်ကြီး<br>သာသနာရေးနှင့်<br>ယဉ်ကျေးမှုဝန်ကြီးဌာန | ဒုတိယဝန်ကြီး၊<br>ပညာရေးဝန်ကြီးဌာန |

အမိန့်အရ

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၁၅ / ၂၀၂၃**
၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)
**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာ တင်ထွဋ်ဉ အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## စစ်ဘက်မှုလတာဝန်များ ပြန်လည်ထမ်းဆောင်စေ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၁၆ / ၂၀၂၃**
၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)
**စစ်ဘက်မှုလတာဝန်များပြန်လည်ထမ်းဆောင်စေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင် အား စစ်ဘက်မှုလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

### နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂** - ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်း ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ ဆုနှင်းပွဲနှင့် Project Show ပြပွဲ တက်ရောက်




**တောင်ကြီး ဖေဖော်ဝါရီ ၂**
၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး) မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ ဆုနှင်းပွဲနှင့် Project Show ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ကွန်ပျူတာ တက္ကသိုလ် (တောင်ကြီး)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒေါက်တာကျော်ထွန်း တက်ရောက်၍ ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)ကို ၂၀၀၀ ပြည့်နှစ် ဩဂုတ် ၁၅ ရက်တွင် အစိုးရကွန်ပျူတာ ကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် စက်တင်ဘာ ၄ ရက်တွင် သင်တန်းများကို စတင်ဖွင့်လှစ်သင်ကြားခဲ့ပါကြောင်း၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် တက္ကသိုလ်အဆင့်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် သက်တမ်း ၂၃ နှစ်ရှိပြီဖြစ်ပြီး ကွန်ပျူတာသိပ္ပံဘွဲ့၊ ကွန်ပျူတာနည်းပညာဘွဲ့၊ ဘွဲ့လွန်ကွန်ပျူတာ ဒီပလိုမာဘွဲ့နှင့် မဟာဘွဲ့ရ ကျောင်းသား ကျောင်းသူ ၁၄၁၃ ဦးကို မွေးထုတ်ပေးခဲ့ပါကြောင်း၊ လက်ရှိစာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၄၇၅ ဦး တက်ရောက် ပညာသင်ကြားနေကြောင်း သိရသည့်အတွက် များစွာ ဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်က ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲ၊ ဆုနှင်းပွဲနှင့် Project Show ပြပွဲအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာ ကွန်ပျူတာ တက္ကသိုလ် (တောင်ကြီး) ဒုတိယပါမောက္ခချုပ်က လက်ခံရယူသည်။

ဆက်လက်၍ ထူးချွန်ကျောင်းသား ကျောင်းသူများကို ဆုချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်က ပထမနှစ်သင်တန်းသို့ ဝင်ခွင့်အမှတ်စဉ် (၁)၊ (၂)၊ (၃) ဖြင့် ဝင်ခွင့်ရရှိသည့် ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ် ပထမနှစ် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့က ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ် ကွန်ပျူတာသိပ္ပံသင်တန်း၊ ဒုတိယနှစ် ကွန်ပျူတာနည်းပညာသင်တန်း၊ တတိယနှစ် ကွန်ပျူတာသိပ္ပံ သင်တန်းတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဖွင့်လှစ်သော ရှေးဦးသူနာပြုကြက်ခြေနီသင်တန်းတွင် ဆုရရှိသူများ၊ အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ကြက်တောင်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)မှ ကျောင်းသား ကျောင်းသူများက ပအိုဝ်းတိုင်းရင်းသားရိုးရာအက၊ ရှမ်းတိုင်းရင်းသားရိုးရာအက၊ အင်းတိုင်းရင်းသားရိုးရာအက၊ ပုဂံရိုးရာအကတို့ဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော Project Show ပြပွဲများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# လူရည်ချွန် လူရည်မွန်

ချို (ပညာရေး)
အခြေခံပညာဦးစီးဌာန

**နှစ်သစ်သို့ ချင်းနင်းဝင်ရောက်ခဲ့ပြီ။ လွန်ခဲ့သော ၂၀၂၂ တစ်နှစ်တာကာလအတွင်း လူပုဂ္ဂိုလ်တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုချင်း သော်လည်းကောင်း၊ ဌာနတစ်ခုချင်းစီသော်လည်းကောင်း မိမိတို့လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများရှိသကဲ့သို့ ဆောင်ရွက်ဆဲလုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသည့်လုပ်ငန်းများလည်း ရှိကောင်းရှိနေပေလိမ့်မည်။**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနသည် ပညာသင်နှစ်တစ်နှစ်အတွင်း ပြက္ခဒိန်လအလိုက် ဆောင်ရွက်ရသည့် ပုံမှန်လုပ်ငန်းများ၊ ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်သည့် လုပ်ငန်းများ အရေးပေါ်ဆောင်ရွက်ရသည့် လုပ်ငန်းများဖြင့် နှစ်တစ်နှစ်ကို ကုန်လွန်စေခဲ့ပြီဖြစ်သည်။ ဆောင်ရွက်ဆဲလုပ်ငန်းများအနက် ၂၀၂၂ -၂၀၂၃ ပညာသင်နှစ်တွင်လူရည်ချွန်ကျောင်းသား ကျောင်းသူများ ရွေးချယ်ရေးလုပ်ငန်းသည်လည်း အဓိက လုပ်ငန်းတစ်ရပ်ဖြစ်သည်။

### ပြုစုပျိုးထောင်

နိုင်ငံတော်အကြီးအကဲ၏ **"ပညာတတ်များ ပေါများရေး"** လမ်းညွှန်ချက်နှင့်အညီ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနသည် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းသို့ရောက်ရှိ၍ ပညာသင်ယူနိုင်မှု အခွင့်အလမ်းရရှိရေးကို အလေးထားကာ ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း ပညာရေးဝန်ကြီးဌာန၏ အခြေခံကျသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် နိုင်ငံတော်အတွက် ကျန်းမာသန့်စွမ်း၍ စာရိတ္တကောင်းမွန်သည့် ပညာရည်ထူးချွန်ထက်မြက်သော ဘက်စုံထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် ပြုစုပျိုးထောင်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနသည် နိုင်ငံအတွက် အညွန့်အဖူးကလေးများဖြစ်ကြသည့် လူငယ်မောင်မယ်များအား လူရည်ချွန်၊ လူရည်မွန်များ ဖြစ်လာရန်အတွက် ကျန်းမာသန့်စွမ်းသော ကိုယ်ကာယ၊ ထက်မြက်သောအနာဂတ်၊ မြင့်မြတ်သောအကျင့်စာရိတ္တတို့နှင့် ပြည့်စုံစေ၍ အဖွဲ့အစည်းဖြင့် ဆောင်ရွက်တတ်သည့်အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ပေးရန် လိုအပ်သည်နှင့်အညီ လူရည်ချွန်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

### လူရည်ချွန်များဖြစ်လာရန်

မျိုးဆက်သစ်လူငယ်မောင်မယ်များအား ထူးချွန်ထက်မြက်သူ လူရည်ချွန်များဖြစ်လာရန် ပြုစုပျိုးထောင်ပေးရန် အရေးကြီးသကဲ့သို့ ကိုယ်နှုတ်နှလုံးသုံးပါး လိမ္မာယဉ်ကျေးရန် လူမှုရေးအသိစိတ်ဓာတ်များရရှိ၍ လူ့အဖွဲ့အစည်းတွင် အဆင်ပြေစွာ နေထိုင်တတ်စေရန်၊ လူလိမ္မာနှင့် လူမိုက်ကို ခွဲခြားသိရှိ၍ ပေါင်းသင်းတတ်ရန် အသက်အရွယ်အလိုက်ရရှိသင့်သော လူ့အခွင့်အရေးများ၊ ယင်းအခွင့်အရေးများနှင့်လျော်ညီစွာ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားကို သိရှိနားလည်ပြီး လိုက်နာကျင့်သုံးတတ်စေရန်၊ ပညာရှိသူတော်ကောင်းတို့၏ သဘောသဘာဝကိုသိရှိ၍ အနီးပုဂ္ဂိုလ်များကဲ့သို့ ကျင့်သုံးတတ်စေရန်၊ တစ်နည်းအားဖြင့် စိတ်ထားမြင့်မြတ်သော လူရည်မွန်များဖြစ်လာရန် ပျိုးထောင်ပေးရေးသည်လည်း ပညာရေးဝန်ကြီးဌာန၏ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ် ဖြစ်ပေသည်။

> ❖ ပညာရေးဝန်ကြီးဌာနသည် နိုင်ငံအတွက် အညွန့်အဖူးကလေးများဖြစ်ကြသည့် လူငယ်မောင်မယ်များအား လူရည်ချွန်၊ လူရည်မွန်များ ဖြစ်လာရန်အတွက် ကျန်းမာသန့်စွမ်းသော ကိုယ်ကာယ၊ ထက်မြက်သော အနာဂတ်၊ မြင့်မြတ်သောအကျင့်စာရိတ္တတို့နှင့် ပြည့်စုံစေ၍ အဖွဲ့အစည်းဖြင့် ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ပေးရန် လိုအပ်သည်နှင့်အညီ လူရည်ချွန်စီမံကိန်းကို အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိ

ကျောင်းသားလူငယ်များ ပြုစုပျိုးထောင်ရာ၌ အသိပညာအတတ်ပညာနှင့် ဗဟုသုတများပြည့်စုံ၍ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ၊ အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်ထက်မြက်ပြီး မိမိတို့၏ယဉ်ကျေးမှုဓလေ့ထုံးစံများကို တန်ဖိုးထားမြတ်နိုးတတ်သော စိတ်ဓာတ်နှင့် ခံယူချက်များကို ငယ်စဉ်တောင်ကျေး ကလေးဘဝကအစ နှလုံးသွင်းနိုင်ရန် လေ့ကျင့်ပေးရန် လိုပေသည်။ လူငယ်များ ဘဝတစ်လျှောက် လူတော်သာမက လူကောင်းဖြစ်လာရန် တစ်နည်းအားဖြင့် လူရည်ချွန် လူရည်မွန်များ ဖြစ်လာရန်အတွက် ဤလူရည်ချွန် စီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက်အားထားရသော ခေါင်းဆောင်ကောင်းများ မွေးထုတ်နိုင်ပေလိမ့်မည်။

လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ၁၉၈၈ ခုနှစ်၌ (၂၅) ကြိမ်မြောက် ငွေရတုလူရည်ချွန်စီမံကိန်းကို ဆောင်ရွက်နိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ရပ်နားခဲ့သော လူရည်ချွန်စီမံကိန်းကို ၂၀၁၃ ခုနှစ်တွင် "ဘက်စုံပညာ ထူးချွန်လူငယ်" စီမံကိန်းအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် "ဘက်စုံပညာ ထူးချွန်လူငယ်" စီမံကိန်းအစား "လူရည်ချွန်စီမံကိန်း" အမည်ဖြင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် လူရည်ချွန်မောင်မယ်များကို ရွေးချယ်နိုင်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု အခြေအနေအရ လူရည်ချွန်စခန်းများသို့ စေလွှတ်ခြင်းကို ရပ်နားခဲ့ရသည်။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တို့တွင် ရောဂါကူးစက်ပြန့်ပွားမှုထိန်းချုပ်မှုအခြေအနေအရ လူရည်ချွန်စီမံကိန်းကို ခေတ္တရပ်နားခဲ့ရာမှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

### ရည်ရွယ်ချက်(၃)ရပ်ဖြင့် ဆောင်ရွက်

ယခုနှစ်လူရည်ချွန်စီမံကိန်းအား ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန့်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်သည့် ထူးချွန်ထက်မြက်သော ကျောင်းသားလူငယ်များ ပေါ်ထွန်းလာစေရန်၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားလာပြီး နိုင်ငံ့အကျိုးပြုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နိုင်စေသည့် နိုင်ငံ့သားကောင်းများ ပေါ်ပေါက်လာစေရန်၊ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများကို စံနမူနာပြု၍ ကျောင်းသားလူငယ်များအား ပြုစုပျိုးထောင်ပေးရန် ဟူသော ရည်ရွယ်ချက်(၃)ရပ်ဖြင့် ဆောင်ရွက်ခြင်း ဖြစ်သည်။

လူရည်ချွန်မောင်မယ်များ ရွေးချယ်ရာ၌ အလယ်တန်းအဆင့်၏နောက်ဆုံးအတန်း အဋ္ဌမတန်း (Grade-9) နှင့် အထက်တန်းအဆင့် (ဒသမတန်း၊ ကောဒသမတန်း) ကျောင်းသား ကျောင်းသူများကို ရွေးချယ်ခဲ့ပါသည်။ ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့် ရေးဖြေဘာသာရပ်များကို အဋ္ဌမတန်းအတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များတွင် ဖြေဆိုချိန် (၁:၃၀) နာရီ၊ ဒသမတန်းနှင့် ကောဒသမတန်းတို့အတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များတွင်ဖြေဆိုချိန် (၂:၀၀)နာရီဖြင့် စနစ်တကျ စစ်ဆေးခဲ့ပြီး ခရိုင်ရှိဖွဲ့စည်းမြို့နယ်အလိုက် ကျား၊ မ အချိုးတူစွာ ဦးရေသတ်မှတ် ရွေးချယ်ပါသည်။

### လူရည်ချွန်မောင်မယ် ၄၇၈ ဦးကို ရွေးချယ်နိုင်

နှုတ်ဖြေဘာသာရပ်များစစ်ဆေးရာတွင် စာရိတ္တနှင့်ပြည်သူ့နီတိ၊ မြန်မာယဉ်ကျေးမှုနှင့် ထုံးတမ်းဓလေ့၊ အတန်းအလိုက် သိသင့်သိထိုက်သည့် ဗဟုသုတများကို စစ်ဆေးပြီး ကိုယ်ကာယကြံ့ခိုင်မှုအား အပြည့်ပြည့်ဆိုင်ရာ စံသတ်မှတ်ချက်များအတိုင်း စစ်ဆေးခဲ့သည်။ ဤပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် လူရည်ချွန်မောင်မယ် ၄၇၈ ဦးကို ရွေးချယ်နိုင်ခဲ့ပြီး အဋ္ဌမတန်းကျောင်းသား ကျောင်းသူများအား ပုဂံလူရည်ချွန်စခန်း၊ ဒသမတန်းကျောင်းသား ကျောင်းသူများအား အင်းလေးလူရည်ချွန်စခန်း၊ ကောဒသမတန်း ကျောင်းသား ကျောင်းသူများအား ငွေဆောင်လူရည်ချွန်စခန်းအသီးသီးသို့ ဧပြီလစတုတ္ထပတ်မှ မေလပထမပတ်အထိ စေလွှတ်သွားမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် လူရည်ချွန်စခန်းများဖွင့်ပွဲကို တစ်ပြိုင်နက် ကျင်းပဆောင်ရွက်သွားရန် လျာထားပြီးဖြစ်သည်။

### လူရည်ချွန်မောင်မယ်များအားဂုဏ်ပြု

ပညာရေးဝန်ကြီးဌာန၏ ပြယုဂ်တစ်ခုဖြစ်သည့် လူရည်ချွန်မောင်မယ်များကို စနစ်တကျဖြင့် အောင်မြင်စွာ ရွေးချယ်ဆောင်ရွက်နိုင်ခြင်းသည် ပညာရေးဝန်ကြီးဌာန၏ အောင်မြင်မှုသာမက နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်ဖြစ်သည့် "တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဟူသောဦးတည်ချက်ကို ပေါက်မြောက်အောင်မြင်စေသည့် လုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်ပေသည်။ တစ်နည်းဆိုသော် နိုင်ငံ့တာဝန်ကို သစ္စာရှိစွာ ထမ်းရွက်ကြမည့် နိုင်ငံသားကောင်း လူရည်ချွန်၊ လူရည်မွန်များကို မွေးထုတ်ပေးနိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း သတင်းကောင်းဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုလိုက်ပါသည်။

## တံတားဦးမြို့ မြို့မဈေးအတွင်း လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြ

**တံတားဦး ဖေဖော်ဝါရီ ၂**

တံတားဦးခရိုင် တံတားဦးမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပြီး (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ယနေ့မွန်းလွဲပိုင်းက မြို့မဈေးအတွင်း လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြခြင်းကို ဆောင်ရွက်ကြောင်းသိရသည်။

အဆိုပါ လက်တွေ့မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းနှင့် အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးကျော်သူအောင်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ စနစ်တကျ ကြိုတင်ဆောင်ရွက်ရေး၊ မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ မီးအတန်းအစားများအား ရှင်းလင်းခြင်းနှင့် မီးငြိမ်းသတ်နည်း(၄)နည်းတို့ကို ရှင်းလင်း ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြဇာတ်တိုက် လေ့ကျင့်ခြင်းနှင့် အရေးပေါ်မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ ဆောင်ရွက်ကြသည်။ (ယာပုံ) ထို့နောက် တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များသည် မြို့မဈေးနှင့် ဈေးဆိုင်များတွင် ထားရှိရမည့် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း လှူဒါန်းပူဇော်နိုင်ရေး စေတနာရှင် အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်း တောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည် အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့ပြီး (၇)ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ဖ ပဲ ၃ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား ၁ ပဲ ၁ ရွေး၊ ကျောက်မျိုးစုံ ၃ ကီလိုဂရမ် အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေ ကျောက်သံပတ္တမြားများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားလျက်ရှိရာ (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ဝမ်းပန်းတသာ ဆက်သွယ်၍ ဌာပနာကုသိုလ်များကို ထည့်ဝင်လှူဒါန်းလျက်ရှိကြပြီး ယနေ့တွင် နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေသို့ ရွှေထည် ၁၀ ကျပ်သား ၁၅ ပဲ ၅ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၇ ကျပ်သား ၂ ပဲ ၃ ရွေး၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ဓာတ်တော်မွေတော် ၉ ဆူ၊ ရန်ကုန်တိုင်းဒေသကြီး၌ ရွှေထည် ၂၉ ကျပ်သား ၁၅ ပဲ၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၇ ကျပ် ၁ ပဲ ၁ ရွေး၊ ပုလဲ၊ ပလက်တီနမ်နှင့် ကျောက်မျိုးစုံ၊ ငွေနှင့် ငွေထည်ပစ္စည်းများ၊ ဘွဲ့တံဆိပ်များ၊ အလှူငွေကျပ် ၁၀၃၀၀၀၀ နှင့် မန္တလေးတိုင်းဒေသကြီး၌ ရွှေထည် ၂၇ ကျပ်သား ၉ ပဲ ၅ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၁ ကျပ်သား ၁ ပဲ ၁ ရွေး၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ အလှူငွေကျပ် ၁၇၄၅၀၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ကြောင်း၊ ထို့ပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ရွှေထည် ၂၈ ကျပ်သား ၁ ပဲ၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၅၇ ကျပ်သား ၈ ပဲ ၄ ရွေး၊ ပတ္တမြား၊ နီလာ၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ဓာတ်တော်မွေတော်များနှင့် ဆင်းတုတော်များ၊ အလှူငွေကျပ် ၁၂၂၄၂၂၀၀၀ တို့ကို ဌာပနာသွင်းလှူပူဇော်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၇)ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင်ဌာပနာ တော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်လိုပါက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများထံသို့ ဖေဖော်ဝါရီ ၈ ရက်အထိ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့မှ စေတနာရှင် အလှူရှင်များက လာရောက်လှူဒါန်းစဉ်။

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်းလှူဒါန်း ပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

နေပြည်တော် ဖေဖော်ဝါရီ ၂

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှု ရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည်။**

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီသွင်းလှူပူဇော်နိုင်ရေး အောက်ပါဖုန်းနံပါတ်များသို့ ဖေဖော်ဝါရီ ၈ ရက်အထိ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ဒုတိယဗိုလ်မှူးကြီး အောင်ထက်ဟိန်း | ၀၉-၂၀၁၄၄၇၀ | |
| (ခ) | ဒုတိယဗိုလ်မှူးကြီး အောင်ကို | ၀၉-၂၅၉၀၉၉၈၉၉ | |
| (ဂ) | ဗိုလ်မှူးချုပ် ကျော်စိုးဦး | ၀၉-၃၉၁၀၀၅၄၇ | နေပြည်တော် |
| (ဃ) | ဗိုလ်မှူးချုပ် မြတ်သူစိုး | ၀၉-၃၉၁၀၀၉၃၂ | မြစ်ကြီးနား |
| (င) | ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း | ၀၉-၃၉၁၀၃၉၇၅ | လားရှိုး |
| (စ) | ဗိုလ်မှူးချုပ် ဝင်းဇော်မိုး | ၀၉-၃၉၁၀၃၂၆၆ | တောင်ကြီး |
| (ဆ) | ဗိုလ်မှူးချုပ် သန်းထွန်းအောင် | ၀၉-၃၉၁၀၃၄၈၂ | ခိုလမ် |
| (ဇ) | ဗိုလ်မှူးချုပ် ကျော်ထက် | ၀၉-၃၉၁၀၄၀၉၅ | ကျိုင်းတုံ |
| (ဈ) | ဗိုလ်မှူးချုပ် ကျော်သူရအေး | ၀၉-၃၉၁၀၁၅၄၁ | မော်လမြိုင် |
| (ည) | ဗိုလ်မှူးချုပ် သစ်လွင်ထူး | ၀၉-၃၉၁၀၀၇၈၇ | မြိတ် |
| (ဋ) | ဗိုလ်မှူးချုပ် ဝင်းမြင့်နိုင် | ၀၉-၃၉၁၀၃၂၈၃ | ရန်ကုန် |
| (ဌ) | ဦးမင်းမင်းထွန်း | ၀၉-၄၂၂၅၁၁၈၈၈ | ရန်ကုန် |
| (ဍ) | ဦးသက်နိုင် | ၀၉-၆၉၃၀၁၉၄၉၅ | ရန်ကုန် |
| (ဎ) | ဗိုလ်မှူးချုပ် အောင်ခင်ဇော် | ၀၉-၃၉၁၀၀၃၄၈ | ပုသိမ် |
| (ဏ) | ဗိုလ်မှူးချုပ် ကျော်ကျော်သန်း | ၀၉-၃၉၁၀၃၂၂၄ | အမ်း |
| (တ) | ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင် | ၀၉-၃၉၁၀၀၃၄၅ | မုံရွာ |
| (ထ) | ဗိုလ်မှူးကြီး အောင်လွင် | ၀၉-၃၉၁၀၁၇၄၈ | မန္တလေး |
| (ဒ) | ဦးတင်မောင်စိုး | ၀၉-၂၅၀၈၆၂၁၅၈ | မန္တလေး |
| (ဓ) | ဦးစိုးဟိန်းနောင် | ၀၉-၆၉၅၀၀၈၆၈၀ | မန္တလေး |
| (န) | ဗိုလ်မှူးချုပ် အောင်ခိုင်ချို | ၀၉-၃၉၁၀၀၆၃၂ | တောင်ငူ |

**သတင်းစဉ်**

## ပျော်ဘွယ်တွင် မီးဘေးအန္တရာယ်ကင်းရေး လေ့ကျင့်ပညာပေး

**ပျော်ဘွယ် ဖေဖော်ဝါရီ ၂**

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းရေးအတွက် သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ပညာပေးမှုကို ဖေဖော်ဝါရီ ၂ ရက်က ပျော်ဘွယ်မြို့ မီးသတ်ဦးစီးဌာနရုံးတွင် ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးက မီးဘေးအန္တရာယ် ကာကွယ်ရေးနည်းလမ်းများ၊ မီးငြိမ်းသတ်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် စနစ်တကျ မြန်ဆန်ထိရောက်စွာ လုပ်ဆောင်နိုင်ရေး၊ စွမ်းရည်(၄)ရပ်နှင့်ပြည့်စုံရေး တပ်ဖွဲ့ဝင်များအား အပတ်စဉ် ဓာတ်တိုက်လေ့ကျင့်ခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့အပြင် ဇန်နဝါရီ ၃၀ ရက်တွင် ဈေးသူဈေးသားများ၊ ဈေးကော်မတီဝင်များနှင့် တွေ့ဆုံ၍ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များ၊ ဈေးဆိုင်ခန်းများတွင် မီးဘေးကြိုတင်ကာကွယ်ရန် ဆောင်ရွက်ထားရမည့်နည်းလမ်းများ၊ မီးသတ်ဆေးဘူး စနစ်တကျကိုင်တွယ်အသုံးပြုနည်းများ ရှင်းလင်းဆွေးနွေးကာ ဈေးသူ ဈေးသားများအား လက်တွေ့မီးငြိမ်းသတ်စေခဲ့ပြီး သန္နေတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

**မြို့နယ်**

(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဖေဖော်ဝါရီ ၂ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ဝန်ထမ်းများအား အဆိုပါဝန်ကြီးဌာန၌ တွေ့ဆုံပြီး နှုတ်ဆက်အမှာစကား ပြောကြားသည်။(ဓာတ်ပုံ)




ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင်က ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး ဥပဒေဘောင်နှင့်အညီ နေထိုင်သွားကြရန်၊ ပါတီနိုင်ငံရေးကင်းရှင်းပြီး ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမထားကြရန်၊ ဝန်ထမ်းအချင်းချင်း သဟဇာတဖြစ်အောင် တန်းတူညီမျှ ဆက်ဆံဆောင်ရွက်ကြရန်နှင့် စည်းလုံးညီညွတ်စွာ နေထိုင်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ယခုကဲ့သို့ ဆုံတွေ့ခွင့် ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်များ ပေါက်မြောက် အောင်မြင်အောင် ဝန်ထမ်းများအားလုံး ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ တက်ညီလက်ညီ ဆောင်ရွက် ပေးကြစေလိုပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းသစ္စာ အဓိဋ္ဌာန်ကို မမေ့ကြရန်လိုကြောင်း၊ စည်းလုံးညီညွတ်မှုသည် အရေးကြီးကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပါတီစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ပုဂ္ဂိုလ်စွဲမထားကြရန်နှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို ဦးထိပ်ပန်ဆင်ကြပြီး နိုင်ငံတော်၏ တာဝန်များကို ဆတက်ထမ်းပိုး ဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## ၂၀၂၂ ခုနှစ်အတွင်း တိုင်ကြားစာများ၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်မှုစခန်းများ ကြည့်ရှုစစ်ဆေးမှုတို့နှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

### သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၂/ ၂၀၂၃)

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် အဓိကလုပ်ငန်းတာဝန်များဖြစ်သော လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများကို ကော်မရှင်ဥပဒေအခန်း (၅) ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်သည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်နှင့် စပ်လျဉ်း၍ စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်းကို လည်းကောင်း၊ ပုဒ်မခွဲ (ဃ) အရ တိုင်တန်းချက်၊ စွပ်စွဲချက်နှင့် သတင်းအရ လူ့အခွင့်အရေး ဖောက်ဖျက်မှုဖြစ်ပွားကြောင်း သိရှိရသည့်နေရာသို့ သွားရောက်စစ်ဆေးခြင်းကိုလည်းကောင်း၊ ပုဒ်မခွဲ(င) အရ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးခြင်းကိုလည်းကောင်း တာဝန်နှင့် လုပ်ပိုင်ခွင့်အရ လျာထားချက်များရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပါသည်။

၃။ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သို့ ပေးပို့လာသည့် တိုင်တန်းချက် ၂၂၉ စောင် လက်ခံရရှိခဲ့ရာ အဆိုပါ တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့မှ အစည်းအဝေး ၃၂ ကြိမ် ကျင်းပ၍ စိစစ်ဆောင်ရွက်ခဲ့ရာ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသို့ စိစစ်ဆောင်ရွက်နိုင်ရန် အကြောင်းကြားခြင်း ၃၉ မှု၊ တိုင်တန်းသူထံ အကြံပြုပြန်ကြားခြင်း ၄၇ မှု၊ မှတ်တမ်းထား ရှိခြင်း ၁၄၃ မှုတို့ ဖြစ်ပါသည်။

၄။ မှတ်တမ်းထားရှိသည့် တိုင်တန်းချက် ၁၄၃ စောင်သည် ကော်မရှင် ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲ အမှုများ၊ တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများ၊ တရားရုံးတစ်ခုခုက အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသောအမှုများ၊ တိုင်တန်းချက်အင်္ဂါရပ်နှင့် မညီညွတ်သောအမှုများနှင့် ကော်မရှင်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးသော တိုင်တန်းချက်များဖြစ်သဖြင့် ဆက်လက်အရေးယူဆောင်ရွက်ရန် မလိုအပ်သော တိုင်တန်းချက်များ ဖြစ်သောကြောင့် မှတ်တမ်းအနေဖြင့် စနစ်တကျ ထိန်းသိမ်းထားရှိပါသည်။

၅။ တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ ပေးပို့ခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ၂၀၂၁ ခုနှစ်တို့အပါအဝင် ပြန်ကြားချက် ၁၂၁ စောင်ကို လက်ခံရရှိခဲ့သဖြင့် တိုင်တန်းသူ ကာယကံရှင်များထံသို့ ကော်မရှင်မှ ပေးပို့ပြန်ကြားပေးခဲ့ပါသည်။

၆။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃ အရ အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိမရှိတို့ကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ စဉ်ဆက်မပြတ် သွားရောက်ကြည့်ရှုစစ်ဆေးလျက်ရှိပါသည်။

၇။ ကြည့်ရှုစစ်ဆေးမှုအနေဖြင့် ၂၀၂၂ ခုနှစ်အတွင်း အကျဉ်းထောင် ၁၈ ခု၊ အချုပ်ထောင် ၄ ခု၊ အကျဉ်းစခန်း ၁၇ ခု၊ ရဲစခန်းအချုပ်ခန်း ၂၅ ခု၊ တရားရုံးအချုပ်ခန်း ၃ ခု၊ လူငယ်သင်တန်းကျောင်း ၅ ခု၊ ကလေးပြုစုရေးဂေဟာ ၁ ခု၊ ဘိုးဘွားရိပ်သာ ၁ ခုနှင့် မသန်စွမ်းလူငယ်သင်တန်းကျောင်း ၅ ခုတို့ကို ကြည့်ရှုစစ်ဆေးနိုင်ခဲ့ပါသည်။

၈။ ကော်မရှင်သည် ၂၀၂၂ ခုနှစ်အတွင်း အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းနှင့် ရဲစခန်းအချုပ်ခန်းတို့ရှိ အကျဉ်းသား၊ အချုပ်သားတို့ကို တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၄၁ ပါ "ကုလသမဂ္ဂက ပြဋ္ဌာန်းထားသည့် အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့်စပ်လျဉ်းသော အနိမ့်ဆုံးစံနှုန်းများနှင့် ညီ မညီ"၊ အကျဉ်းသား၊ အချုပ်သား အိပ်ဆောင်များ၊ အကျဉ်းသား၊ အချုပ်သားတစ်ဦးချင်းအတွက် ရရှိသင့်သည့် အသုံးအဆောင်များရရှိမှု အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေ ရရှိမှုအခြေအနေ စသည်တို့ကို မေးမြန်းကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၉။ ထို့ပြင် အကျဉ်းသား၊ အချုပ်သားများကို ယင်းတို့၏ အိပ်ဆောင်များတွင် လိုက်လံတွေ့ဆုံကာ စားဝတ်နေရေးအခြေအနေ၊ ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ မရှိ၊ ထောင်ဝင်စာ ပစ္စည်းများ ပြည့်စုံစွာ ရရှိခြင်း ရှိ မရှိ၊ ရသင့် ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိ တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်း၊ တစ်ဦးချင်း တွေ့ဆုံတင်ပြလိုသော အကျဉ်းသား၊ အချုပ်သား စုစုပေါင်း (၂၃၉) ဦးတို့ကို ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ မေးမြန်းမှတ်တမ်းတင်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

၁၀။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် တိုင်ကြားစာများအပေါ် စိစစ်ဆောင်ရွက်ခြင်းနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများကို ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို အလေးထားစိစစ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် တိုင်ကြားသူများကို လက်တုံ့ပြန်မှု မခံရစေရေးအတွက် သေချာစေမည့် ဆောင်ရွက်ချက်များကို ကော်မရှင်ဥပဒေ ပုဒ်မ ၃၈ နှင့်ပြန်ကြားပေးနိုင်ရေး ပေးပို့အကြောင်းကြားလျက်ရှိပါသည်။

၁၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်း ခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက် သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍ သော်လည်းကောင်း **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့** သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင် ဖြစ်စေ **ဖက်စ် -၀၁- ၆၅၄၆၇၈ နှင့် ကော်မရှင် website ဖြစ်သော https://mnhrc.org.mm** တို့မှတစ်ဆင့်ဖြစ်စေ တိုင်ကြားနိုင်ပါသည်။

၁၂။ တိုင်တန်းချက်များကို စိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုများကြောင့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများနှင့် နစ်နာမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအပါအဝင် သက်ကြီးရွယ်အို၊ ကလေးသူငယ်၊ မသန်စွမ်းသူနှင့် အမျိုးသမီးအခွင့်အရေး ချိုးဖောက်ခြင်းများ ခံစားကြုံတွေ့ရပါက ကူညီဆောင်ရွက်ပေးနိုင်ရေး ကော်မရှင်သို့ ကိုယ်တိုင်ဖြစ်စေ၊ တာဝန်သိသူတစ်ဦးဦးတို့မှ ကိုယ်စားပြု၍ဖြစ်စေ တိုင်တန်းနိုင်ပါကြောင်းနှင့် တိုင်တန်းချက်ပေးပို့ရာတွင် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကို မဖြစ်မနေ ပူးတွဲပေးပါရန်လည်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ သစ်တောဦးစီးဌာန ရုံးချုပ် ရုံးအမှတ် ၃၉ ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်၊ ပြိုင်ပွဲဝင် အသင်းများနှင့် အရာထမ်း၊ အမှုထမ်းများ စုံညီစွာ တက်ရောက်ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ ပြည်ထောင်စု ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး ဦးစီးဌာန၊ လုပ်ငန်း၊ တက္ကသိုလ်တို့မှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်း၏ ပျော်ရွှင်စွာ ယှဉ်ပြိုင်မှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြိုင်ပွဲတွင်ပထမဆု ရရှိသော ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန အသင်းကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက လည်းကောင်း၊ ဒုတိယဆုရရှိသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အသင်းကို ဒုတိယဝန်ကြီး ဦးထွန်းအုံက လည်းကောင်း၊ တတိယဆုရရှိသော အမှတ်(၁) သတ္တုတွင်းလုပ်ငန်းအသင်းကို ဒုတိယဝန်ကြီး ဦးမင်းသူက လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ကျန်အသင်းများကို နှစ်သိမ့်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (၁/၂၀၂၃) အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

**မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (၁/၂၀၂၃) အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အနေဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မူဝါဒ (၄) ရပ်၊ လုပ်ငန်းတာဝန် (၇) ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီမှ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသား အဆင့် မဟာဗျူဟာစီမံကိန်း (National Strategic Plan for the Advancement of Women–NSPAW) (၂၀၁၃ – ၂၀၂၂)သည် စီမံချက်သက်တမ်း ကုန်ဆုံးပြီဖြစ်၍ NSPAW Phase II (၂၀၂၃–၂၀၃၂)ကို ရေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ ပါဝင်သည့် ဦးဆောင်ကော်မတီ (၁)ရပ်နှင့် သက်ဆိုင်ရာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ ဦးဆောင်သည့် လုပ်ငန်းကော်မတီ(၁၂) ခုကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ဦးဆောင်ရေးဆွဲထားသည့် "ကိုဗစ်–၁၉ ကာလအတွင်း ကျေးလက်နေ အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည် ထူထောင်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်" ကို ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်အတွင်း နေပြည်တော် ကောင်စီနှင့် ရခိုင်ပြည်နယ် စီမံချက်ကျေးရွာများတွင် Quick win project အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ငယ်မုဒိမ်း အပါအဝင် ကျား–မ အခြေပြု အကြမ်းဖက်မှု (Gender Based Violence–GBV) များနှင့် ပတ်သက်ပြီး ဆက်သွယ် တိုင်ကြားနိုင်ရန် Helpline ဖုန်းနံပါတ် "1566" ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသမီးထုသည် လူဦးရေ၏ ၅၃ ရာခိုင်နှုန်းရှိသောကြောင့် အစိုးရက ဦးဆောင်၍ အမျိုးသမီးထုတစ်ရပ်လုံး ဖွံ့ဖြိုးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများသည်လည်း အရေးပါသည့် ကဏ္ဍများဖြစ်သောကြောင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြပြီး လူမှုဝန်ထမ်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြီးခဲ့သည့် အစည်းအဝေး အမှတ်စဉ် ၂/၂၀၂၂ ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များက ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးကနိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်းနှင့် ရွှေပြည်တော်ဝင်လမ်းထောင့်၊ အကွက်အမှတ်(၅)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၁–၂–၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အလံပုံစံ**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂ ရက်တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေတစ်စီးဖြင့် နှာခေါင်းစည်း (Mask) ငါးတန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂**



တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး က နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်တွင်ပါရှိသော **"စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး"** ဟူသည့် အချက်နှင့်အညီ အသားကဏ္ဍ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဝန်ကြီးဌာန၏ မူဝါဒ၊ မျှော်မှန်းချက်၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၏ မူဝါဒ၊ မျှော်မှန်းချက်များအတိုင်း မွေးမြူရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုး တိုးတက်စေရေးအတွက် တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ ပြောင်းလဲဖြစ်ပေါ်လာသော ခေတ်စနစ်နှင့်အညီ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက် ပစ္စည်းများ ကုန်သွယ်မှု တိုးတက်လာစေရန်နှင့် ပုဂ္ဂလိကမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရေးဆွဲပြဋ္ဌာန်းထားသည့် **တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ**နှင့်အညီ လုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ရာတွင် ဦးစီးအဖွဲ့တစ်ခုက တာဝန်ယူဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေပုဒ်မ ၄ အရ **တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ**ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန် (၁၇) ချက်မှ ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို အဆိုပြုတင်ပြနိုင်ရန်နှင့် ဝိုင်းဝန်းသုံးသပ်ဆွေးနွေးရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း က ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ဗဟိုကော်မတီ၏ ဦးစားပေးလုပ်ငန်းရပ်များနှင့် အဆိုပြုချက်များ၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက်မတည်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး စီမံကိန်းတွင် ယူနစ်နှင့် လျာထားချက်၊ ဘဏ္ဍာနှစ်အလိုက် မြစိမ်းရောင် (အသားကဏ္ဍ) ကျေးရွာထူထောင်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဗဟိုကော်မတီဝင်များ ဖြစ်ကြသော ဦးစီးဌာန အသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တိရစ္ဆာန်ဆေးပညာရပ်နှင့် မွေးမြူရေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက အဆိုပြုလုပ်ငန်းရပ်များအပေါ် သက်ဆိုင်ရာကဏ္ဍများအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၇) ကြိမ်မြောက် အာဆီယံ ကျန်းမာသောနေထိုင်မှုစနစ်မြှင့်တင်ရေး ကျန်းမာရေးဆိုင်ရာ အစုအဖွဲ့-၁ အစည်းအဝေး တတိယနေ့ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၇) ကြိမ်မြောက် အာဆီယံ ကျန်းမာသော လူနေမှုစနစ်မြှင့်တင်ရေး ကျန်းမာရေးဆိုင်ရာ အစုအဖွဲ့ – ၁ အစည်းအဝေး (7th Meeting of ASEAN Health Cluster 1: Promoting Healthy Lifestyle) တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ Hybrid စနစ်ဖြင့် ကျင်းပသည်။**




အစည်းအဝေးတွင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထင်လင်းက သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ပြီး အာဆီယံကျန်းမာရေးဆိုင်ရာ အစုအဖွဲ့-၁ ၏ (၂၀၂၁-၂၀၂၅) လုပ်ငန်းစဉ်ပါ စီမံချက် လုပ်ငန်းများတွင် မိတ်ဖက်အဖွဲ့အစည်းများ၏ လက်ရှိပူးပေါင်းဆောင်ရွက်နေမှု အခြေအနေနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများကို မဲလ်ဘုန်းတက္ကသိုလ် (Center for Mental Health– University of Mel–bourne)၊ Alive and Thrive၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UN Children's Fund – UNICEF) နှင့် အရှေ့တောင်အာရှဒေသ ဆေးရွက်ကြီးထိန်းချုပ်ရေး မဟာမိတ်အဖွဲ့ (South East Asia Tobacco Control Alliance– SEATCA) တို့က တင်ပြကြကာ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ် (Way Forward) နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံက သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ပြီး အာဆီယံ အစားအစာနှင့် အာဟာရဖူလုံရေး အစီရင်ခံစာ (၂၀၂၆) ပြုစုရေး၊ အစားအစာများတွင် အဏုအာဟာရဖြည့်စွက်ရေး၊သဘာဝဘေးအန္တရာယ်ကျရောက်သည့် အခြေအနေတွင် အာဟာရစောင့်ရှောက်မှုပေးခြင်းဆိုင်ရာ အာဆီယံကွန်ရက် တည်ထောင်ရေး၊ သင်တန်းလက်စွဲပြုစုရေးနှင့် သင်တန်းပို့ချရေး၊ ဒေသတွင်း အစားအစာနှင့် အာဟာရဖူလုံရေးအတွက် ကဏ္ဍပေါင်းစုံ ပါဝင်သောစနစ် တည်ထောင်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် အာဆီယံအတွင်းရေးမှူးအဖွဲ့ရုံးက အာဆီယံကျန်းမာရေးဆိုင်ရာအစုအဖွဲ့-၁ ၏ နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်များ၏ အမည်စာရင်းနှင့် အစည်းအဝေး အစီရင်ခံစာ (မူကြမ်း) ကို တင်ပြရာ အဖွဲ့ဝင်နိုင်ငံများနှင့် တက်ရောက်လာသူများက အတည်ပြုကြပြီး (၈) ကြိမ်မြောက် အာဆီယံ ကျန်းမာသောလူနေမှုစနစ်မြှင့်တင်ရေး ကျန်းမာရေးဆိုင်ရာ အစုအဖွဲ့ – ၁ အစည်းအဝေး ကျင်းပရန်အတွက် ကြိုတင်ပြင်ဆင်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ထို့နောက် ပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အာဆီယံနိုင်ငံများ၏ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး၏ မြန်မာနိုင်ငံဆိုင်ရာ သဘာပတိ (ASEAN Senior Officials' Meeting on Health Development – SOMHD ၏ Focal Point)ဖြစ်သူ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်မြင့်သန်းက အစည်းအဝေး သုံးရက်တာ ကာလအတွင်း အပြုသဘောဆောင်သည့် ဆွေးနွေးချက်များအပေါ် များစွာအားရကျေနပ်မိပါကြောင်း၊ အာဆီယံကျန်းမာရေးဆိုင်ရာ အစုအဖွဲ့-၁ ၏ (၂၀၂၁-၂၀၂၅) လုပ်ငန်းစဉ်ပါ ဆောင်ရွက်ပြီးစီးခဲ့သည် လုပ်ငန်းများအတွက် တာဝန်ယူဆောင်ရွက်ခဲ့သော အဖွဲ့ဝင်နိုင်ငံများအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အစဉ်တစိုက် ပံ့ပိုးကူညီပေးခဲ့သော အာဆီယံအတွင်းရေးမှူးအဖွဲ့ရုံး၊ အဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်အဖွဲ့အစည်းများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ဆောင်ရွက်ရန် ကျန်ရှိနေသော လုပ်ငန်းများအတွက်လည်း အရှိန်အဟုန်မြှင့်တင်၍ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျန်းမာသော အာဆီယံအသိုက်အဝန်း ပေါ်ပေါက်လာစေရေးအတွက် အတူတကွကြိုးစားဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ပါကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ အာဆီယံကျန်းမာရေးဆိုင်ရာ အစုအဖွဲ့-၁ (ASEAN Health Cluster 1)မှ တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးအဖွဲ့ရုံးမှ တာဝန်ရှိသူများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

တိုက်ကုန်များအဖြစ် လာရောက်ရောင်းချခြင်းများ စီစဉ်ဆောင်ရွက်နိုင်သည့်အပြင် မိမိ ဒေသအတွင်းရှိ ဒေသခံပြည်သူများ၏ စားဝတ်နေရေးအပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့်အခက်အခဲများ အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။

ယခုအခါ ကျောက်တော်-ပလက်ဝ ရေလမ်းကြောင်း ပြန်ဖွင့်လာပြီဖြစ်၍ သင်္ဘောခရီးစဉ်အား အပတ်စဉ် ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအနေဖြင့် ခရီးသွားလာရေး၊ ကုန်စည်သယ်ယူပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

# တပ်ကုန်းမြို့၌ ခွေးရူးရောဂါကာကွယ်ဆေး (အခမဲ့) ထိုးနှံပေး

**တပ်ကုန်း ဖေဖော်ဝါရီ ၂**

တပ်ကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ အိမ်မွေးခွေးနှင့် ခွေးလေခွေးလွင့်များကို ခွေးအကောင်ရေ လေးသောင်းခွဲခန့်အား လျာထား၍ ခွေးရူးရောဂါ ကာကွယ်ဆေး (အခမဲ့) ထိုးနှံခြင်းကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီကစတင်၍ ထိုးနှံပေးလျက် ရှိသည်။ အဆိုပါ ကာကွယ်ဆေး စတင်ထိုးနှံရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကောင်းစိုးစံနှင့်ခွေးရူးကာကွယ်ဆေးထိုးအဖွဲ့တို့က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် ခုတင် (၁၀၀) ပြည်သူ့ဆေးရုံး ဝန်ထမ်းအိမ်ရာဝင်းနှင့် မြို့ဦးစာသင်တိုက်၊ မြို့မသီဟနာဒစာသင်တိုက်၊ ဂုဏ်ထောက်စာသင်တိုက်၊ မြို့နယ်ဝေပုလ္လစာသင်တိုက်၊ သိင်္ဂီရတနာသီလရှင်စာသင်တိုက်၊ ငွေတောင်တောရစာသင်တိုက်အတွင်း မွေးမြူထားသည့် စုစုပေါင်း ခွေးအကောင်ရေ ၁၇၀ ခန့်အား ခွေးရူးရောဂါ ကာကွယ်ဆေး (အခမဲ့) ထိုးနှံပေးခဲ့သည်။ **တင်စိုးလွင်**


ဒုတိယဗိုလ်မှူးကြီး ကိုကိုလတ်
(တနင်္သာရီရေတပ်စခန်းဌာနချုပ်)


ဦးကိုကိုနိုင်
(ဒုတိယညွှန်ကြားရေးမှူး)


နေရပ်ပြန်
အမျိုးသားတစ်ဦး


နေရပ်ပြန်
အမျိုးသမီးတစ်ဦး


နေရပ်ပြန်
အမျိုးသမီးတစ်ဦး

❍ *ရှေ့ဖုံးမှ*

ပြန်လည်ရောက်ရှိခဲ့ကြသည်။

အဆိုပါ ရောက်ရှိလာသော နေရပ်ပြန် မြန်မာနိုင်ငံသားများကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးရင်ထွေး၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ နေရပ်ပြန် မြန်မာနိုင်ငံသားများ၏ မိသားစုဝင်များက လှိုက်လှဲနွေးထွေးစွာကြိုဆိုကြပြီး အစားအသောက်နှင့် အဝတ်အထည်များ ထောက်ပံ့ပေးအပ်သည်။

အမိမြန်မာပြည်သို့ ပြန်လည်ခေါ်ဆောင်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား မြို့နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် လူမှုကူညီရေးအသင်းများမှ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ယူ စစ်ဆေးပေးခြင်း၊ နယ်မြေခံတပ်မတော်ဆေးကုသရေးအဖွဲ့များက လိုအပ်သော ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပြီးနောက် နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးသည်။

ကော့သောင်းမြို့၌ ရောက်ရှိနေသော နေရပ်ပြန် မြန်မာနိုင်ငံသား ၆၇၉ ဦးအနက် တနင်္သာရီတိုင်းဒေသကြီးမှ ၃၉၇ ဦးကို ကော့သောင်းမြို့မှတစ်ဆင့် မိသားစုများရှိရာ မြို့နယ်များသို့ မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ ရန်ကုန်နှင့် အခြားမြို့ကြီးများမှ နေရပ်ပြန် ၁၇၁ ဦးကို ရန်ကုန်မြို့သို့ တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား)ဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်မှ နေရပ်ပြန် ၁၁၁ ဦးကို စစ်တွေမြို့နှင့် ကျောက်ဖြူမြို့များသို့ တပ်မတော်(ရေ)မှ စစ်ရေယာဉ်(အနော်ရထာ)ဖြင့်လည်းကောင်း မိသားစုများနှင့် အမြန်ပြန်လည်တွေ့ဆုံနိုင်စေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး လမ်းခရီးတစ်လျှောက် လုံခြုံရေး၊ စားသောက်နေထိုင်ရေးနှင့် လိုအပ်သောကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးခြင်းတို့ကို စစ်ရေယာဉ်များ၌ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများက ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်ရေးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှလည်း အလုပ်အကိုင်ရရှိရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ ပြည်ပရောက်မြန်မာနိုင်ငံသားများကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအတွင်းကပင် မလေးရှားနိုင်ငံမှ ၁၀၈၆ ဦးနှင့် မတ်လအတွင်း အိန္ဒိယနိုင်ငံ ပို့ဘလဲယား (Port Blair)မှ ၇၀ တို့ကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် နှစ်ကြိမ်သွားရောက်ခေါ်ဆောင်၍ မိဘများထံ ကောင်းမွန်စွာ စနစ်တကျအပ်နှံပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင်လည်း ဖော်ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**ဒုတိယဗိုလ်မှူးကြီး ကိုကိုလတ် (တနင်္သာရီရေတပ်စခန်းဌာနချုပ်)**

အခုခရီးစဉ်ကတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံကို အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားတွေ၊ ကိုယ့်နိုင်ငံပြန်ဖို့ အခက်အခဲရှိတဲ့ နိုင်ငံသားတွေကိုပြန်ခေါ်ဖို့ ထိုင်းနိုင်ငံ ရနောင်းမြို့ (----) ဆိပ်ကမ်းမှာ သွားရောက်ခေါ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ စုစုပေါင်း မြန်မာနိုင်ငံသား ၆၇၉ ဦးကို သွားရောက်ခေါ်ဆောင်ခဲ့တာဖြစ်ပါတယ်။ အဖွဲ့ခေါင်းဆောင်အနေနဲ့ တနင်္သာရီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းထူး ဦးဆောင်ပြီးတော့ ကော့သောင်းအခြေချစစ်ဗျူဟာ စစ်ဗျူဟာမှူး ခရိုင်.......... အဖွဲ့နဲ့ ကျန်တဲ့ရုံးအဖွဲ့တွေပါဝင်ပြီးတော့ စနစ်တကျလွှဲပြောင်းလက်ခံခဲ့ပါတယ်။ ကျွန်တော်တို့ တပ်မတော် (ရေ) ရဲ့ လုပ်ငန်းတာဝန် (၄) ရပ်ထဲမှာ လူသားချင်းစာနာထောက်ထားခြင်း (HATR) လုပ်ငန်းကလည်း တစ်ခုအပါအဝင်ဖြစ်တဲ့အတွက် ကိုယ့်နိုင်ငံသားတွေကို တခြားနိုင်ငံကနေ ဒုက္ခရောက်နေချိန်မှာ ပြန်လည်ခေါ်ယူနိုင်ခဲ့တာကလည်း တပ်မတော်(ရေ)ရဲ့ ရည်မှန်းချက်တာဝန်တစ်ရပ်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့တာမို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ ပြန်လည်ခေါ်ဆောင်လာတဲ့ နေရပ်ပြန် ပြည်သူပြည်သားတွေကိုတော့ ကော့သောင်းရောက်ရင် နွေးထွေးစွာ ကြိုဆိုလက်ခံပြီးတော့ ဆေးစစ်တာတွေ ဆောင်ရွက်ပေးမယ်။ နေရပ်ပြန်ဖို့အတွက် လိုအပ်တဲ့ ပြင်ဆင်မှုတွေ ဆောင်ရွက်ပေးထားတာရှိပါတယ်။ ဒီမှာလည်း ဆက်လက်ပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိအောင် ညှိနှိုင်းဆောင်ရွက်မှုတွေ ဆောင်ရွက်ထားပေးတာ ရှိပါတယ်။

**ဦးကိုကိုနိုင် (ဒုတိယညွှန်ကြားရေးမှူး)**

**လူဝန်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

ယခုမြင်တွေ့နေရတဲ့အခမ်းအနားကတော့ ကျွန်တော်တို့မြန်မာနိုင်ငံသားတွေ တစ်ဖက်နိုင်ငံကို အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိသွားပြီး တစ်ဖက်နိုင်ငံမှာ ပြစ်မှုနဲ့ပြစ်ဒဏ်အမျိုးမျိုး ကျခံခဲ့ရပါတယ်။ ကျခံပြီး ပြန်လည်စေလွှတ်တဲ့အချိန်မှာလည်း နှောင့်နှေးကြန့်ကြာမှုလေးတွေ ရှိနေတဲ့အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံတော်အကြီးအကဲက အမြန်ဆုံးပြန်လည်ခေါ်ယူဖို့အတွက် လမ်းညွှန်မှာကြားခဲ့ပါတယ်။ ဒီလိုလမ်းညွှန်မှာကြားမှုနဲ့အတူ ကျွန်တော်တို့ ပူးပေါင်းအဖွဲ့တွေနဲ့ ဌာနဆိုင်ရာအင်အားပေါင်းမြောက်မြားစွာနဲ့ ပြန်လည်လက်ခံဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေကို ဥပဒေအချက်အလက်တွေနဲ့ ခိုင်လုံစွာ ပြန်လည်လက်ခံဆောင်ရွက်လျက်ရှိပါတယ်။

**နေရပ်ပြန်အမျိုးသားတစ်ဦး**

အခုလို ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေကို ပြန်လည်ခေါ်ဆောင်ပေးတဲ့အတွက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ တပ်မတော်သားတွေကို အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်ကတော့ ကိုယ့်မြန်မာပြည်ကို ပြန်ရောက်ပြီဆိုတော့ သူများနိုင်ငံကို ထပ်သွားဖို့ အစီအစဉ်မရှိတော့ပါဘူး။ ကိုယ့်ရပ်ကိုယ့်ရွာမှာပဲ ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားသောက်ချင်ပါတယ်။ သူများနိုင်ငံမှာ သွားရောက်အလုပ်လုပ်ကြမယ်ဆိုရင်တော့ ကျွန်တော်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ နိုင်ငံတော်ရဲ့ခွင့်ပြုချက်နဲ့ Passport, Visa အခိုင်အမာနဲ့ သွားပါလို့ ကျွန်တော် အနူးအညွတ်ပြောကြားလိုပါတယ်။

**နေရပ်ပြန်အမျိုးသားတစ်ဦး**

စီးပွားရေးကအဆင်မပြေတော့ ထိုင်းကိုသွားတယ်။ ထိုင်းကိုသွားတော့ တစ်ခါတည်းမိပါတယ်။ ကျွန်တော်တို့ ခြောက်လနေခဲ့ရပါတယ်။ အချုပ်ထဲမှာနေတော့ အစားလည်းမဝ၊ ရေချိုးရတာလည်းမဝ၊ ဆေးဝါးကလည်း မပြည့်စုံဘူး။ ကျွန်တော်တို့ မြန်မာပြည်ကို ပြန်လာချင်လို့ အကြာကြီးမျှော်လင့်ခဲ့ရတယ်။ အခုချိန်မှာပြန်လာရတော့ ဝမ်းသာပါတယ်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။

**နေရပ်ပြန်အမျိုးသားတစ်ဦး**

အဲဒီမှာနေရတာ သိပ်အဆင်မပြေဘူး။ သူတို့ထားတဲ့ပုံစံတွေက ခန္ဓာကိုယ်တွေမှာ ယားနာတွေ ပေါက်တယ်။ ဆေးဝါးတွေလည်း တင်လို့မရဘူး။ တင်ခွင့်မပေးဘူး။ စားစရာတွေလည်း တင်ခွင့်မပေးဘူး။ မှာချင်တာမှာလို့မရဘူး။ ရောဂါတွေဖြစ်၊ ခန္ဓာကိုယ်တွေမှာ ယားနာတွေပေါက်တာက ထမင်းစားရတာ၊ အစားအသောက်တွေကလည်း မဝဘူးလေ။ နည်းနည်းလေးပဲကျွေးတယ်။ အခုလိုမျိုး မြန်မာပြည်ကို ပြန်လာလို့ရအောင် စီစဉ်ပေးတဲ့အတွက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို အထူးကျေးဇူးတင်ပါတယ်ခင်ဗျာ။ အခုလောလောဆယ်တော့ ကိုယ့်ရခိုင်ပြည်နယ်ကိုပဲ ပြန်ပြီးတော့ ကိုယ့်မိသားစုနဲ့ပဲအတူနေပြီး စည်းစည်းလုံးလုံးနဲ့ ပြန်ပြီးလုပ်ကိုင်စားသောက်တော့မယ်လို့ ဆုံးဖြတ်ထားပါတယ်။

**နေရပ်ပြန်အမျိုးသမီးတစ်ဦး**

ကျွန်မကတော့ ကျန်းမာရေးကောင်းပါတယ်။ အနေအစားကတော့ ခက်ခဲတာပေါ့နော်။ ကျန်းမာရေးမကောင်းတဲ့သူတွေ အများကြီးပေါ့။ အစားစားရတာရော၊ ဆေးဝါးကအစ ကိုယ့်ပိုက်ဆံနဲ့ကိုယ်ဝယ်သုံးရတာပေါ့။ နေရတာတော့ အဆင်မပြေပါဘူးရှင်။ အခုလိုလာခေါ်ပေးတဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို အလွန်ကျေးဇူးတင်ပါတယ်။ ပီတိဝမ်းသာလည်း ဖြစ်ရပါတယ်ရှင်။ ဒီထက်မက အသက်ရာကျော်ရှည်ပါစေရှင်။

**နေရပ်ပြန်အမျိုးသမီးတစ်ဦး**

ကျွန်မဟိုမှာဖမ်းမိခဲ့တဲ့အချိန်မှာ အလွန်ကို ခက်ခဲဆင်းရဲခဲ့တယ်။ စားချင်တိုင်းလည်းမစားရဘူး။ အစားအသောက်လည်း အလွန်ဆင်းရဲတယ်။ အနေအထိုင်လည်းဆင်းရဲတယ်။ အစားအသောက်လည်း လုံးဝအဆင်မပြေဘူး။ ပို့တော့လည်း တချို့တဝက်ပဲရောက်တယ်။ ဝယ်စားတော့လည်း ၂ / ၃ ဆပေးရတယ်။ ကျွန်မတို့အလွန်ခက်ခဲပြီး နေခဲ့ရတယ်။ ဘယ်အချိန် ဘယ်နေ့ပို့မယ်ဆိုတာလည်း မသိဘူး။ မသိဘူးဘဲဖြေနေတော့ ကျွန်မတို့တွေ အလွန်ခက်ခဲရပါတယ်။ လမ်းတွေပျောက်နေခဲ့တဲ့နေ့တွေ အများကြီးပဲ။ ၂၈ ရက်နေ့မှာ ပြန်ခေါ်မယ်လို့ သတင်းကြားရတော့ တစ်ဖွဲ့လုံး အလွန်ဝမ်းသာခဲ့ရပါတယ်။ ခုလို ပြန်ခေါ်တဲ့နေရာမှာလည်း စစ်သင်္ဘောတွေနဲ့ အဆင်ပြေပြေ ချောချောမွေ့မွေ့ နွေးနွေးထွေးထွေးနဲ့ ကြိုကြိုဆိုဆိုနဲ့ ရှိခဲ့တဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ကျွန်မတို့ မိသားစုတွေနဲ့လည်း ပြန်တွေ့ရတော့မယ်။ ကျွန်မတို့ကို ကိုယ်ချင်းစာစိတ်အပြည့်နဲ့ အမြန်ဆုံးခေါ်ဆောင်ပေးခဲ့တဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ကျွန်မတစ်ယောက်တည်း မဟုတ်ဘဲ ကျွန်မတို့အားလုံး အလွန်ကိုကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**သတင်းစဉ်**

---

**အထက(မြို့မ) ပေါက်တောမြို့၌ လူငယ်စကားဝိုင်း ကျင်းပ**

**ပေါက်တော ဖေဖော်ဝါရီ ၂**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့ ညနေပိုင်းက အထက(မြို့မ)ကျောင်းရှိ စုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပေါက်တောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်စိန်နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးမှူး ဦးမြင်းထွန်းတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ပေါက်တောမြို့နယ် ဦးစီးအရာရှိ ဒေါ်တင်တင်စိန်က ဦးဆောင်ဆွေးနွေးကာ ကျောင်းသား ကျောင်းသူများက စာတတ်ဖို့သာမက ပညာတတ်ဖို့ပါ ကြိုးစားကြ၊ လူငယ်နဲ့စာရိတ္တ၊ မျိုးဆက်သစ်လူငယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်ရေး၊ လူငယ်နဲ့အားကစား အစရှိသည့် ခေါင်းစဉ်ပါအကြောင်းအရာများကို ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဦးဆောင်ဆွေးနွေးသူ ကျောင်းသား ကျောင်းသူ လေးဦးက ပြန်လည်ဖြေကြားခြင်းဖြင့် အပြန်အလှန်ဆွေးနွေးကြသည်။

ယင်းနောက် ခန်းမအတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသောအသိပညာပေးမူးယစ်ဆေးဝါးနံရံကပ်စာစောင်နှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်တို့ကို ကြည့်ရှုကြကြောင်း သိရသည်။ **ဝင်းမင်းစိုး (ပြန်/ ဆက်)**



ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် မြန်မာ့တပ်မတော် ထောက်ခံပွဲ ပြုလုပ်စဉ်။

## ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တို့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် မြန်မာ့တပ်မတော် ထောက်ခံပွဲများ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် မြန်မာ့တပ်မတော်အား ထောက်ခံပွဲတို့ကို ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တို့၌ အသီးသီး ပြုလုပ် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ (၂) နှစ်ပြည့် အုပ်ချုပ်မှုကိုထောက်ခံပါသည်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ကြိုဆိုပါသည်၊ အမျိုး ဘာသာ၊ သာသနာစောင့်ရှောက်ရေး ဒို့အရေး၊ NUG၊ CRPH ၊ PDF အကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမား မုန်သမျှ ဆန့်ကျင်ကြ၊ ဗုဒ္ဓဘာသာရဟန်းတော်များအား ကာကွယ်ကြ၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဒို့အရေး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နေသည့် တပ်မတော်အား ထောက်ခံပါသည်၊ အကြမ်းဖက် PDF အလိုမရှိ၊ NUG၊ CRPH အကြမ်းဖက်သမားများ အလိုမရှိ၊ NUG၊ PDF ပြည်သူအပေါ် အကြမ်းဖက်မှု ချက်ချင်းရပ်" စသည့် စာသားပါ ဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်၍ အေးချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

ပြန်လည်ပါဝင်လာမှုနှင့်အတူ မန်ယူအသင်း၏ ဖိအားပေး ကစားပုံကောင်းမွန်မှုနှင့် တိုက်စစ်အဆုံးသတ် သေချာမှုတို့ကြောင့် နှစ်ဂိုးပြတ်ထပ်မံရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်သည်။ အဆိုပါပွဲစဉ်သို့ ပွဲကြည့်ပရိသတ် ခုနစ်သောင်းနှစ်ထောင်ကျော် လာရောက်ကြည့်ရှုခဲ့သည်။ ထို့အပြင် ဘိုင်ယန်မြူးနစ်အသင်းမှ အငှားဖြင့် ခေါ်ယူထားသော မန်ယူကစားသမားသစ် မာဆယ်ဆာဘစ်ဇာလည်း လာရောက်ကြည့်ရှုခဲ့သည်။

နော်တင်ဟမ်အသင်းသည် မန်ယူအသင်းကို ပွဲချိန် မိနစ် ၇၀ ကျော်အထိသာ ဂိုးမပေးရအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ၇၃ မိနစ်နှင့် ၇၆ မိနစ်တွင် သွင်းဂိုးများ ဆက်တိုက် ခွင့်ပြုပေးခဲ့ရသည့်အတွက် နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းအတွက် သွင်းဂိုးများကို ရက်ဖို့ဒ်၏ ဖန်တီးမှုများမှ မာရှယ်နှင့် ဖရက်တို့က သွင်းယူပေးခဲ့သည်။

ဖိုင်နယ်လုပွဲတက်လှမ်းနိုင်ခဲ့သော မန်ယူအသင်းသည် နယူးကာဆယ်အသင်းနှင့် ဖေဖော်ဝါရီ ၂၆ ရက်တွင် ဝင်ဘလေအားကစားကွင်းကြီး၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မန်ယူနှင့် နယူးကာဆယ် အသင်းတို့သည် အက်ဖ်အေဖလားပြိုင်ပွဲဖိုင်နယ်လုပွဲအဖြစ် ၁၉၉၉ ခုနှစ်က ဝင်ဘလေကွင်း၌ တွေ့ဆုံခဲ့ပြီး မန်ယူအသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိထားသည်။

**အောင်ဇော်**

❖ *ကျောဖုံးမှ*

အာရှ ဘောလုံးအဖွဲ့ချုပ် ညီလာခံကို အခမ်းအနား အစီအစဉ် ၁၆ ရပ်ဖြင့် ကျင်းပခဲ့ပြီး လက်ရှိ တာဝန်ယူ ထမ်းဆောင်နေသော AFC ဥက္ကဋ္ဌ ရှိတ်ဆာမန်သည် အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် (၂၀၂၃-၂၀၂၇) ခုနှစ် သက်တမ်းအတွက် ဆက်လက်ရွေးချယ်ခံရသည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်သည် အာရှဘောလုံးအဖွဲ့ချုပ် ကွန်ဂရက် (33rd AFC Congress 2023) တွင် အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ (Senior Vice President) အဖြစ် ရွေးချယ်ခံရသည်။ ဦးဇော်ဇော်သည် (၂၀၂၃-၂၀၂၇) ခုနှစ် သက်တမ်းအတွက် အာရှဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (အာဆီယံဇုန်) မှ မဲပေးရွေးချယ်ခံရခြင်းဖြစ်ပြီး AFC Executive Committee အဖွဲ့ဝင်အဖြစ်လည်း တာဝန်ထမ်းဆောင်ရမည် ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ၂၀၁၉ ခုနှစ် အာရှဘောလုံးအဖွဲ့ချုပ် ကွန်ဂရက်တွင် ပထမအကြိမ်အဖြစ် (၂၀၁၉-၂၀၂၃) လေးနှစ်တာအတွက် အာရှဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ် စတင်ရွေးချယ်ခံခဲ့ရသည်။ ထို့ပြင် ဦးဇော်ဇော်သည် အာရှဘောလုံးအဖွဲ့ချုပ် လူမှုအကျိုးပြုကော်မတီ ဥက္ကဋ္ဌ (Chairman of AFC Social Responsible Commi-ttee) အဖြစ်လည်းကောင်း၊ AFC Drea Asia Foundation အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ယူထားသူဖြစ်သည်။

33rd AFC Congress 2023 သို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အတူ ဒုတိယဥက္ကဋ္ဌများ ဖြစ်သည့် ဒေါက်တာ စိုင်းဆမ်ထွန်းနှင့် ဦးပြည့်ဖြိုးတေဇ၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့ တက်ရောက်ခဲ့သည်။ **ကိုညီလေး**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၂

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သာရမဲကျေးရွာနေ လဲ့လဲ့ဖြိုး(ခ) မဖြိုးသည် ၎င်းအသုံးပြုသည့် "Hsu Yati Phuu (Mee Phyo)" Facebook အကောင့်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြို့မရပ်ကွက်နေ ဝေဇော်(ခ) ငြိမ်းမြတ်နှင့် ရခိုင်ပြည်နယ် မောင်တောမြို့နယ် (၄) မိုင်ကျေးရွာနေ ဖြိုးမောင်တို့သည် ၎င်းတို့ အသုံးပြုသည့် "ကျောက်စိမ်းမြေလေးညို့ရှင်" Facebook အကောင့်နှင့် "မောင်တောသားချေ တောသားချေ" Facebook အကောင့်၊ မွန်ပြည်နယ် မုဒုံမြို့နယ် မြို့မ (၃) ရပ်ကွက်နေ ဖြူဖြူဝင်းသည် ၎င်းအသုံးပြုသည့် "Phyu Phyu Win" Facebook အကောင့်၊ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်နေ ပိုးအိခိုင်သည် ၎င်းအသုံးပြုသည့် "Poe Poe" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဥယျာဉ်ကျေးရွာနေ ဝင်းဝင်းဖြိုးသည် ၎င်းအသုံးပြုသည့် "Win Win Phyo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဆေးဘိုဝကျေးရွာနေ နေခြည်ဝင်းသည် ၎င်းအသုံးပြုသည့် "Nay Chi Win" Facebook အကောင့်၊ ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ ပြည်ပို့(ခ)ဖိုးပြည့် သည် ၎င်းအသုံးပြုသည့် "Pyae Poh" Facebook အကောင့်၊ ဟသ်ာတမြို့နယ် ညောင်ပင်ရပ်ကွက်နေ "WAI YAN MOE KYAW" Facebook အကောင့်၊ ငါးသိုင်းချောင်းမြို့နယ် ရွှေဘိုရပ်ကွက်နေ ခိုင်ခိုင်ဝင်းသည် ၎င်းအသုံးပြုသည့် "Khaing Khaing Ntg Win" Facebook အကောင့်နှင့် မြန်အောင်မြို့နယ်၊ အမှတ်(၅) ရပ်ကွက်နေ ဉာဏ်ဇော်အောင်(ခ)အာကာသည် ၎င်းအသုံးပြုသည့် "R Kar" Facebook တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကသာမြို့တွင် ငွေကျပ် ၃၄၂၂ ဒသမ ၂၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် ဖေဖော်ဝါရီ ၂**

ကသာမြို့တွင် ငွေကျပ် ၃၄၂၂ ဒသမ ၂၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကသာမြို့ အမှတ် (၉) ရပ်ကွက် မြို့ဝင်/ ထွက် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မွန်းဂမ်အောင် မောင်းနှင်ပြီး ဇော်တူးအောင် လိုက်ပါလာသည့် SURF အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်၏ အင်ဂျင်ခန်းနှင့် အပိုဘီးအတွင်းတို့မှ ငွေကျပ် ၃၄၂၂ ဒသမ ၂၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၈၁၅၀ ကိုလည်းကောင်း။

ထို့အတူ ဖေဖော်ဝါရီ ၁ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် လောက်ကိုင်မြို့ တုံချိန်ရပ်ကွက် (၁) တွင် ကျန်ရှောက်ချိန် (ခ) ကျန်စန်း အားမသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

# အမေရိကန်၌ မျောက်ကျောက်ရောဂါအတွက် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေထုတ်ပြန်ထားမှုကို အဆုံးသတ်

ဝါရှင်တန် ဖေဖော်ဝါရီ ၂

အမေရိကန်၌ မျောက်ကျောက်ရောဂါကူးစက်မှုများ ကျဆင်းလာပြီး မျောက်ကျောက်ရောဂါအတွက် ထုတ်ပြန်ထားသည့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ ထုတ်ပြန်မှုကို အဆုံးသတ် လိုက်သည်ဟု သိရသည်။

ဇန်နဝါရီ ၃၁ ရက်တွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ထားမှုကို အဆုံးသတ်လိုက်ခြင်း ဖြစ်သည်။ ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်းက မျောက်ကျောက်ရောဂါကြောင့် ဖျားနာခြင်းနှင့် အဖုအပိမ့်များ ထွက်ခြင်းတို့ ဖြစ်ပွားသည့်အတွက် အရေးပေါ်အခြေအနေ ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ အမေရိကန်တွင် မျောက်ကျောက်ရောဂါဖြစ်ပွားမှုများပြားပြီး ဖြစ်ပွားသူဦးရေ ၃၀၀၀၀ရှိသည်ဟု အမေရိကန်ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ(စီဒီစီ) က ပြောသည်။



ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့တွင် မျောက်ကျောက်ရောဂါ ကာကွယ်ဆေးထိုးပေးနေစဉ်။

ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်းက ရောဂါဖြစ်ပွားသူများပြားသော်လည်း ယခုအခါ ကူးစက်မှုနှုန်း တဖြည်းဖြည်း ကျဆင်းလာပြီဖြစ်သည်။ ယခုနှစ်အစပိုင်းမှ စတင်ကာ ကူးစက်မှုနှုန်းမှာ တစ်ရက်လျှင် ၁၀ ဦးအောက်သာရှိတော့သည်။ ရောဂါကြောင့် အန္တရာယ်ဖြစ်မှုမှ ရှောင်ရှားနိုင်ရန်အတွက် ကာကွယ်ဆေး ထိုးကြရန်လည်း စီဒီစီက ထောက်ခံချက်ပေးထားသည်။ တစ်ကမ္ဘာလုံးအနှံ့ မျောက်ကျောက်ရောဂါ ဖြစ်ပွားမှုနှုန်းမှာလည်း တဖြည်းဖြည်း ကျဆင်းလာပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

အင်န်အိတ်ချ်ကေ

# ဆိုနီအုပ်စု ဥက္ကဋ္ဌအသစ် ခန့်အပ်

တိုကျို ဖေဖော်ဝါရီ ၂

ဆိုနီအုပ်စုသည် တိုတိုကီဟီရိုကီကို ဥက္ကဋ္ဌအသစ်အဖြစ် ခန့်အပ်ခဲ့သည်ဟု သိရသည်။ ယင်းသို့ ဥက္ကဋ္ဌအသစ် ခန့်အပ်လိုက်ခြင်းမှာ ငါးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အပြောင်းအလဲဖြစ်သည်။

ဖေဖော်ဝါရီ ၂ ရက်က ကုမ္ပဏီ၌ အစည်းအဝေးပြုလုပ်ပြီးနောက် ယင်းသို့ဆုံးဖြတ်ချက် ချလိုက်ခြင်းပင်ဖြစ်သည်။ ဧပြီ ၁ ရက်မှစတင်ကာ ဥက္ကဋ္ဌအသစ် တာဝန်ယူမည်ဖြစ်သည်။ တိုတိုကီသည် ကုမ္ပဏီ၏ ဝန်ထမ်းရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ကုမ္ပဏီသည်ပြောင်းလဲမှုများနှင့် တိုးတက်မှုများကို ဆက်လက်လုပ်ဆောင်နိုင်ပြီး ဝယ်ယူသူများသည်လည်း ကုမ္ပဏီမှ ထုတ်လုပ်သည့်ပစ္စည်းများကို ရွေးချယ်ဝယ်ယူကြလိမ့်မည်ဟု သတင်းစာရှင်းလင်းပွဲတွင် ၎င်းကပြောသည်။

အသက် ၅၈ နှစ်ရှိပြီဖြစ်သော တိုတိုကီသည် ဆိုနီကုမ္ပဏီကို ၁၉၈၇ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် ဆိုနီဘဏ်ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ ၎င်းသည် ဆိုနီဆက်သွယ်ရေးနှင့် စမတ်ဖုန်းလုပ်ငန်းများတွင်လည်း ဦးဆောင်ခဲ့သူဖြစ်သည်။ လက်ရှိဥက္ကဋ္ဌ ယိုရှိဒါကီနီချီရိုသည် စီအီးအိုအဖြစ် တာဝန်ယူလုပ်ကိုင်သွားမည် ဖြစ်သည်။

ဆိုနီအုပ်စုသည် ဟွန်ဒါကားကုမ္ပဏီနှင့် ပူးပေါင်းကာ လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသကဲ့သို့ ဂိမ်းနှင့် ဖျော်ဖြေရေးလုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိသည်။ ဦးဆောင်သူအသစ်၏နောက်တွင် ဆိုနီအုပ်စုသည် နောက်ထပ်လုပ်ငန်းချဲ့ထွင်မှုများ ပြုလုပ်သွားရန်လည်း ရည်ရွယ်ထားသည်။

အင်န်အိတ်ချ်ကေ



ဆိုနီ ဥက္ကဋ္ဌသစ် တိုတိုကီဟီရိုကီ။

# ပုံမှန်ဆက်ဆံရေးတည်ဆောက်ပြီး လေးနှစ်အကြာ အစ္စရေးနိုင်ငံ၌ ချဒ်နိုင်ငံ သံရုံးဖွင့်လှစ်

ဂျေရုဆလင် ဖေဖော်ဝါရီ ၂

အစ္စရေးနိုင်ငံနှင့် ချဒ်နိုင်ငံတို့အကြား ပုံမှန်ဆက်ဆံရေးပြန်လည်တည်ဆောက်ပြီး လေးနှစ်အကြာ ချဒ်သံရုံးကို အစ္စရေးနိုင်ငံ၌ ဖွင့်လှစ်ခဲ့သည်ဟု သိရသည်။

ဖေဖော်ဝါရီ ၂ ရက်က သံရုံးဖွင့်ပွဲအခမ်းအနား ပြုလုပ်ခဲ့သည်ဟု သိရသည်။ တဲအဗစ်မြို့ ဆင်ခြေဖုံးရပ်ကွက် ရာမက်ဂန်၌ သံရုံးသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည့်ပုံများကို အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ရုံးမှထုတ်ပြန်ခဲ့သည်။ အစ္စရေးဝန်ကြီးချုပ်သည် ချဒ်သမ္မတ မဟာမက်ဒက်ဘီနှင့်အတူ ဖွင့်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ သံရုံးသစ်ဖွင့်လှစ်နိုင်ခြင်းမှအစပြု၍ မူဆလင်အများစုရှိသည့် အာဖရိကနိုင်ငံများနှင့်လည်း ဆက်ဆံရေး တိုးတက်ကောင်းမွန်လာရန် မျှော်လင့်ကြောင်း နေတန်ယာဟုက ပြောသည်။

အစ္စရေးနှင့် ချဒ်နိုင်ငံတို့သည် ၁၉၆၀ ပြည့်နှစ် ဝန်းကျင်များမှ စတင်ကာ သံတမန်ဆက်ဆံရေး တည်ဆောက်ခဲ့ပြီး ၁၉၇၂ ခုနှစ်တွင်မှ ဆက်ဆံရေးအဆုံးသတ်ခဲ့သည်။ အကြောင်းမှာ ၁၉၆၇ ခုနှစ် အရှေ့အလယ်ပိုင်းစစ်ပွဲတွင် ပါလက်စတိုင်း နယ်မြေများကို အစ္စရေးက သိမ်းယူခဲ့သည့်အတွက် ဆက်ဆံရေးကို အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ်တွင်မူ ချဒ်နိုင်ငံသည် ၎င်း၏ ရပ်တည်ချက်ကို ပြောင်းလဲခဲ့ပြီး ချဒ်သမ္မတသည်လည်း နောက်ပိုင်းတွင် အစ္စရေးသို့ လာရောက်ကာ အစ္စရေးဝန်ကြီးချုပ်နှင့် တွေ့ဆုံခဲ့သည်။

၂၀၁၉ ခုနှစ် နေတန်ယာဟု၏ ချဒ်နိုင်ငံခရီးစဉ်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ကြောင်း ကြေညာခဲ့သည်။

နေတန်ယာဟုသည် ဒီဇင်ဘာလနှောင်းပိုင်းတွင် အာဏာပြန်လည်ရရှိခဲ့သည်။ ပါလက်စတိုင်းနှင့် ပဋိပက္ခများ၊ ပစ်ခတ်မှုများ ရှိနေသော်လည်း အစ္စရေးနိုင်ငံကို အသိအမှတ်ပြုသည့် အာရပ်နိုင်ငံအရေအတွက် တိုးလာစေရေး ဆောင်ရွက်သွားမည်ဟု နေတန်ယာဟုက ကတိပြုခဲ့သည်။

ဆင်ဟွာ

# ဇန်နဝါရီလအတွင်း ပါကစ္စတန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်း ၂၇ ဒသမ ၅၅ ရာခိုင်နှုန်းအထိ မြင့်တက်

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂

ငွေကြေးဖောင်းပွမှု အဓိကအတိုင်းအတာ တစ်ခုဖြစ်သည့် ပါကစ္စတန်နိုင်ငံ၏ စားသုံးသူဈေးနှုန်းအညွှန်းကိန်း (စီပီအိုင်)မှာ ဇန်နဝါရီလအတွင်း ၂၇ ဒသမ ၅၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ အဆိုပါ ပမာဏမှာ လွန်ခဲ့သည့်နှစ် ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက ၁၂ ဒသမ ၉၆ ရာခိုင်နှုန်း စံချိန်တင် မြင့်တက်လာကြောင်း ပါကစ္စတန် စာရင်းအင်းဗျူရို (ပီဘီအက်စ်)က ဖေဖော်ဝါရီ ၁ ရက်က ပြောကြားသည်။

အဆိုပါပမာဏမှာ ၁၉၇၅ ခုနှစ် မေလက ၂၇ ဒသမ ၈ ရာခိုင်နှုန်းဖြင့် မှတ်တမ်းတင်ခဲ့သည့်နောက်ပိုင်း ပါကစ္စတန်နိုင်ငံ၌ အမြင့်ဆုံးငွေကြေးဖောင်းပွမှု ဖြစ်ကြောင်း သိရသည်။

စီးပွားရေး ပညာရှင်များ၏ အဆိုအရ စားနပ်ရိက္ခာငွေကြေးဖောင်းပွမှုသည် မကြာသေးမီက မြင့်တက်လာမှုကို တွန်းအားပေးသည့် အဓိကအချက်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ငွေကြေးဖောင်းပွမှုနှုန်းမှာ ယမန်နှစ် ဇန်နဝါရီလအတွင်း ၁၆၂ ဒသမ ၂၄ ရှိရာမှ ယခုနှစ် ဇန်နဝါရီလတွင် ၂၃၁ ဒသမ ၈၉ သို့ တိုးလာသဖြင့် ၄၃ ရာခိုင်နှုန်းအထိ တိုးလာကြောင်း သိရသည်။

ဆင်ဟွာ



# ၂၀၂၂ ခုနှစ်အတွင်း လာအိုနိုင်ငံ၌ ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၉၄၇ ဦးရှိ

ဗီယင်ကျန်း ဖေဖော်ဝါရီ ၂

၂၀၂၂ ခုနှစ်အတွင်း လာအိုနိုင်ငံ၌ ယာဉ်မတော်တဆမှုကြောင့် ၉၄၇ ဦးသေဆုံးပြီး ၆၃၁၅ ဦးဒဏ်ရာရရှိကြောင်း ဖေဖော်ဝါရီ ၂ ရက်တွင် ထုတ်ပြန်ထားသည်။

ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာနအောက်ရှိ ယာဉ်ထိန်းရဲဌာန၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ယာဉ်မတော်တဆမှု ၆၄၄၀ ရှိရာ ၉၄၇ ဦးသေဆုံးပြီး အခြား ၆၃၁၅ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်း၌ ယာဉ်မတော်တဆမှု ၁၀၉၂ မှုဖြင့် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပြီး ချမ်ပါဆက်ခ်တွင် ၇၈၇ မှုနှင့် ဆာဗန်နာခန် ပြည်နယ်တွင် ၆၀၈ မှုရှိကြောင်း သိရသည်။

လာအိုနိုင်ငံတွင် ယာဉ်မတော်တဆမှုဖြစ်ရသည့် အဓိကအကြောင်းရင်းများမှာ အရက်မူးပြီး မောင်းနှင်ခြင်း၊ အရှိန်လွန်မောင်းနှင်ခြင်းနှင့် ယာဉ်မောင်းများ၏ ရုတ်တရက် လမ်းကြောင်းပြောင်းသွားခြင်းတို့ကြောင့်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ နိုင်ငံတစ်ဝန်း ယာဉ်မတော်တဆမှု အရေအတွက်သည် အစောပိုင်းနှစ်များနှင့် နှိုင်းယှဉ်ပါက ၂၀၂၂ ခုနှစ်တွင် တိုးလာခဲ့သည်။

၂၀၂၁ ခုနှစ်ကလည်း လာအိုနိုင်ငံတစ်ဝန်း ယာဉ်မတော်တဆမှု ၅၅၇၆ ဦးဖြစ်ပွားခဲ့ရာ ၈၃၁ ဦးသေဆုံးပြီး ၈၃၈၈ ဦးဒဏ်ရာရရှိခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဆင်ဟွာ

# ကျောက်ဖြူမြို့ ရေနက်ဆိပ်ကမ်းစီမံကိန်းဆောင်ရွက်ပြီးစီးပါက ပြည်တွင်းပြည်ပမှရင်းနှီးမြှုပ်နှံမှုများ ရောက်ရှိလာမည်



**ကျောက်ဖြူ ဖေဖော်ဝါရီ ၂**

ရခိုင်ပြည်နယ် စီးပွားရေးရာဝန်ကြီးဦးစံရွှေမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁ ရက်က ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ဖွင့်လှစ်ပြသထား သည့် MSME ထုတ်ကုန်ပြပွဲနှင့် ရောင်းချပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဒေသတွင်း MSME လုပ်ငန်းရှင်များနှင့် အစိုးရအဖွဲ့ရိပ်သာခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် MSME ထုတ်ကုန်ပြပွဲနှင့် ရောင်းချပွဲဖွင့်ပွဲအခမ်းအနားတွင် ဆန်စက်လုပ်ငန်း၊ ဆီစက်လုပ်ငန်း၊ ပါပရာ(ငါးမုန့်) လုပ်ငန်း၊ ငါး/ပုစွန်/ ကနုကမာ/ ကဏန်း/ ကဏန်းပျော့ ရောင်းဝယ်ရေးလုပ်ငန်း၊ ငှက်သိုက်လုပ်ငန်း၊ ခရိုဖူးနှင့် ဆက်စပ်ပစ္စည်းထုတ်ကုန်လုပ်ငန်း၊ နေလှန်းဆားလုပ်ငန်း၊ အိုင်အိုဒင်းဆားလုပ်ငန်း၊ ငါးခြောက်/ ပုစွန်ခြောက် ရေထွက်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်း၊ သောက်ရေသန့်လုပ်ငန်းစသည့် MSME လုပ်ငန်း ၂၂ ခုတို့မှ ခင်းကျင်းပြသထားသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုပြီး(**အပေါ်ပုံ**) လုပ်ငန်းရှင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့သည်။

ယင်းနောက် ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် အစိုးရအဖွဲ့ရိပ်သာခန်းမ၌ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်စီးပွားရေးရာဝန်ကြီးက နိုင်ငံတစ်နိုင်ငံတွင် ပြည်တွင်းထုတ်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတိုးတက်မည်ဖြစ်သဖြင့် သဘာဝသယံဇာတများမှ ထုတ်လုပ်သော ထုတ်ကုန်အသီးသီး၏ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အလွန်အရေးကြီးကြောင်း၊ ကျောက်ဖြူမြို့နယ်သည် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်ပြီး ပထဝီအနေအထားအရ အလွန်ကောင်းမွန်သဖြင့် ငှက်သိုက်လုပ်ငန်း၊ ကနုကမာလုပ်ငန်း၊ ငါး/ပုစွန် မွေးမြူရေးလုပ်ငန်း အစရှိသည့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုသည် ဒေသအတွက်အလွန်အရေးကြီးကြောင်း၊ ကျောက်ဖြူမြို့ ရေနက်ဆိပ်ကမ်းစီမံကိန်း ဆောင်ရွက်ပြီးစီးပါက ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ရောက်ရှိလာမည်ဖြစ်သဖြင့် MSME ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် ကြိုးစားလုပ်ဆောင်ကြစေလိုကြောင်း၊ နိုင်ငံတော်မှ ချေးငွေများ ပေးအပ်လာပါက မိမိတို့၏လုပ်ငန်းများတွင် အမှန်တကယ်ရင်းနှီးမြှုပ်နှံပြီး ချေးငွေများကို ပြန်လည်ပေးအပ်ကာ အကျေပေးဆပ်စေချင်ကြောင်း စသည့် MSME လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရေလုပ်ငန်းရှင်များ၊ ဆီစက်လုပ်ငန်းရှင်များနှင့် ဆန်စက်လုပ်ငန်းရှင်များက မိမိတို့လုပ်ငန်းများတွင် လိုအပ်နေသည့် နည်းပညာအခက်အခဲ၊ စက်ပစ္စည်းများနှင့် အရင်းအနှီးများကိုတင်ပြဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးက ဆွေးနွေးချက်များအပေါ် ညှိနှိုင်းပေးခဲ့ပြီး ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြရန် ပြောကြားသည်။ **တင်ထွန်းဦး၊ ဖြိုးဝေလင်း**

## တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်) နှင့် မြစ်ရေယာဉ် (စကု) တို့သည် ယနေ့တွင် လပွတ္တာမြို့နယ်၊ ဘီတွတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၂၁၃ ဦးကို ၎င်းကျေးရွာရှိ သာသနာ့ဗေယျုံကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၃၈၉ ဦး၊ ခွဲစိတ်ရောဂါ ၉၈ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၃၈ ဦး၊ ကလေးရောဂါ ၄၆ ဦး၊ အရိုးအကြောရောဂါ ၂၁၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၂၁ ဦး၊ မျက်စိရောဂါ ၂၄၃ ဦးနှင့် သွားရောဂါ ၆၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၄၄ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၂၁ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် တယ်လီဖေးရှင်း ဓာတ်မှန်ရိုက်လူနာ ၈၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၇၆ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၉၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထို့ပြင် တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်) ပေါ်၌ တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ သားဖွားမီးယပ်ပါရဂူ ဗိုလ်ကြီး ရန်ပိုင်ဦးဦးဆောင်ပြီး လပွတ္တာမြို့နယ် မြစ်ပေါက်ကျေးရွာအုပ်စု ဒေါင့်ချောင်းကျေးရွာနေ ဦးကျော်ကျော်၏ ဇနီးဖြစ်သူ ဒေါ်စနေမကို ယနေ့ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် ၆ ပေါင်နှင့် ၆ အောင်စ ရှိ သမီးမိန်းကလေးတစ်ဦးအား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး သမီးငယ်ကို မိုးရွှေဇွန်ဟု အမည်ပေးခဲ့ကာ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် က ပေးအပ်သည့် ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်ခဲ့သည်။

အဆိုပါကလေးငယ်သည် ယခုခရီးစဉ်အတွင်း ပထမဆုံးမွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၏ ၂၀၁၃ ခုနှစ်မှစ၍ ဆေးကုသမှုများ ပြုလုပ်ပေးမှု သမိုင်းမှတ်တမ်းတွင် ၂၅ ဦးမြောက်အဖြစ် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရေဖြူမြို့နယ်၌ ကျေးရွာချင်းဆက် မြေသားလမ်း ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီး

**ထားဝယ် ဖေဖော်ဝါရီ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ထားဝယ်ခရိုင် ရေဖြူမြို့နယ် ရာဖူးသဲချောင်း ကျေးရွာချင်းဆက် မြေသားလမ်း ၅/၀ မိုင်ဖောက်လုပ်ခြင်း ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက် မြေသားလမ်း ၅/၀ မိုင်ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၂၄၄ ဒသမ ၆၉၁၅ သန်းဖြင့် Apex Queen ကုမ္ပဏီက တင်ဒါအောင်မြင်ပြီး ၂၀၂၂ ခုနှစ် ဇွန်လတွင် လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာ ရေဖြူမြို့နယ် ရာဖူး-သဲချောင်း ကျေးရွာချင်းဆက် မြေသားလမ်း ၅/၀ မိုင်နှင့် ယင်းလမ်းပေါ်ရှိ ၅ ပေ Box Culvert ငါးစင်းတည်ဆောက်ခြင်းလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**



## မြို့သစ်မြို့နယ်၌ ကျေးလက်လမ်း / တံတားများ အချိန်မီပြီးစီးနိုင်ရေး စစ်ဆေး

**မကွေး ဖေဖော်ဝါရီ ၂**

မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်နေသည့် ကျေးလက်လမ်း၊ လမ်းတံတားလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျေးလက်လမ်း လျာထားလုပ်ငန်းများ လမ်းနယ်ရရှိမှုအခြေအနေ ကြည့်ရှုစစ်ဆေး ဆောင်ရွက်လျက်ရှိသည်။



မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၄၅၁ ဒသမ ၁ သန်းနှင့် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၂၇၂ ဒသမ၂၉၆ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်း/တံတားလုပ်ငန်းများ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် ကျေးလက်လမ်း/ တံတားလုပ်ငန်းများနှင့် လမ်းနယ်ရရှိမှုအခြေအနေတို့အား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေ၊ မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ကိုဇော်(ပြန်/ဆက်)**

## ရွှေတောင်မြို့၌ လူငယ်စကားဝိုင်း ကျင်းပ

**ရွှေတောင် ဖေဖော်ဝါရီ ၂**

ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဝေရက်ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်း၍ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ “ လူငယ်စကားဝိုင်း ” ကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက ဝေရက်ကိုယ်ပိုင်အထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဝေရက် ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်သူ ဆရာကြီး ဦးခင်မောင်သန်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးစိုးထွေးတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က လူငယ်စကားဝိုင်းကို ကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။ ဆက်လက်၍ လူငယ်စကားဝိုင်းအား စတင်ခဲ့ရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်နှင့် အထက်တန်းပြ ဆရာမကြီး ဒေါ်ခင်ခင်မြင့် တို့က ဦးဆောင်ဆွေးနွေးကာ ကျောင်းသားကျောင်းသူများက “လူငယ်နှင့်နည်းပညာ”၊ “လူငယ်နှင့်စာပေ”၊“လူငယ်နှင့်အားကစား”၊ “လူငယ်နှင့်ယဉ်ကျေးမှု”၊ “လူငယ်နှင့်ပညာရေး” ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀.၀၇ ရာခိုင်နှုန်း

### (၂-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၃၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၄၉,၆၆၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၃၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၀၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာ ကူးစက်မှုများရှိနေ၍ မြန်မာ နိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၄၀ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၈၅ | ၂၂၁၀ | ၂၁၉၅ | ၂၁၇၅ | ၂၂၇၀ | ၂၂၈၅ | ၂၁၈၀ | ၂၁၉၀ | ၂၂၂၅ | ၂၂၂၅ | ၂၂၃၀ | ၂၄၆၀ | ၂၉၀၀ |
| 95 Ron | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၁၅ | ၂၂၅၅ | ၂၂၈၀ | ၂၂၆၅ | ၂၂၄၀ | ၂၃၄၀ | ၂၃၅၅ | ၂၂၅၀ | ၂၂၆၅ | ၂၂၉၅ | ၂၂၉၅ | ၂၂၉၅ | ၂၅၂၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၂၉၀ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၃၄၀ | ၂၃၆၀ | ၂၃၆၀ | ၂၃၂၅ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၀ | ၂၃၄၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၈၀ | ၂၆၁၀ | ၃၅၀၀ |
| HSD (50 ppm) | ၂၃၇၀ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၄၂၀ | ၂၄၄၀ | ၂၄၄၀ | ၂၄၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၅ | ၂၄၅၅ | ၂၄၆၀ | ၂၆၉၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၃၇၀ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၄၂၀ | ၂၄၄၀ | ၂၄၄၀ | ၂၄၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၅ | ၂၄၅၅ | ၂၄၆၀ | ၂၆၉၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၃၁ | ၂၁၀၅ |
| 95 Ron | ၂၀၉၈ | ၂၁၇၃ |
| HSD (500 ppm) | ၂၁၈၁ | ၂၂၅၆ |
| HSD (50 ppm) | ၂၂၅၅ | ၂၃၃၀ |
| HSD (10 ppm) | ၂၂၅၅ | ၂၃၃၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ – ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်ဆောင်းပါး



# မြန်မာ့ပဒေသရာဇ် ခေတ်နှောင်းကာလ နယ်ချဲ့ကိုလိုနီစနစ်အား တွန်းလှန်ရန် ရုရှားနိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေးတည်ထောင်ရေး ကြိုးပမ်းခဲ့မှုများ



မောင်လွင်မြင့်

*(ယမန်နေ့မှအဆက်)*

၁၈၇၅ ခုနှစ်တွင် နိုင်ငံတကာရေးရာနှင့်ပတ်သက်၍ အတွေ့အကြုံရှိသူ ရုရှားလူမျိုး မစ္စတာဂျီနဲနူကောဗ့် (Mr. G.Neniukov) အား မြန်မာ – ရုရှား ဆက်ဆံရေး အကျိုးဆောင်အဖြစ် ဆောင်ရွက်ပေးရန် မြန်မာနိုင်ငံသို့ ရောက်ရှိစဉ် ချဉ်းကပ်ခဲ့သည်။ ၎င်း၏ အရှေ့တိုင်းခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံ၏ အဓိကမြို့ကြီးများကို သွားရောက်လည်ပတ်ခဲ့ပြီးနောက် ၁၈၇၅ ခုနှစ် အစောပိုင်းတွင် မန္တလေးမြို့ရှိ အင်္ဂလိပ်ကိုယ်စားလှယ် ကပ္ပတိန်စထရိုဗာ (Captain Strover) ထံ ရောက်ရှိလာခဲ့သည်။ အင်္ဂလိပ်ကိုယ်စားလှယ်၏ အိမ်တွင်သာတည်းခိုခဲ့ပြီး မင်းတုန်းမင်း ရွှေနန်းတော်သို့လည်း ဝင်ခဲ့သည်။

**စာတစ်စောင်**

မင်းတုန်းမင်းက အလည်အပတ်လာရခြင်း၏ ရည်ရွယ်ချက်၊ မူရင်းတိုင်းပြည်နှင့် အမှုထမ်းသက် အစရှိသည်တို့ကို မေးမြန်းခဲ့သည်။ မစ္စတာဂျီနဲနူကောဗ့်သည် မင်းတုန်းမင်း၊ ကင်းဝန်မင်းကြီးတို့နှင့် ရုရှား–မြန်မာ ဆက်ဆံရေးအတွက် ဆွေးနွေးခဲ့ကြပြီး ကင်းဝန်မင်းကြီးက မစ္စတာဂျီနဲနူကောဗ့်ကို ရုရှားနိုင်ငံခြားရေးဝန်ကြီးထံသို့ စာတစ်စောင် သယ်သွားပေးရန် တောင်းဆိုခဲ့သည်။ ပြင်သစ်ဘာသာဖြင့် ရေးသားထားသော အဆိုပါစာတွင် "ရုရှားဘုရင် အလက်ဇန်းဒါး– ၂နှင့် ကြီးကျယ်ခမ်းနားသော ရုရှားနိုင်ငံနှင့် လူမျိုးတို့အပေါ် မင်းတုန်းမင်းကြီး၏ ခင်မင်ရင်းနှီးသော ခံစားချက်များ၊ တစ်နေ့တွင် ချစ်ကြည်ရင်းနှီးပြီး နှစ်ဖက်အပြန်အလှန် အကျိုးရှိသော ရုရှား–မြန်မာ ဆက်ဆံရေးကို ထူထောင်လိုသည့် ဆန္ဒများ" ကို ဖော်ပြခဲ့ပါသည်။ နိုင်ငံခြားရေးဝန်ကြီး အလက်ဇန်းဒါး ဂေါ်ချာကော့ဖ်က ဇာဘုရင် အလက်ဇန်းဒါး –၂ ထံသို့ ထိုပေးစာကို ပြသခဲ့သော်လည်း ရုရှားနိုင်ငံခြားရေးဝန်ကြီး၏ ၁၈၇၆ ခုနှစ် ဇန်နဝါရီ ၂၈ ရက် ပြန်ကြားချက်တွင် မည်သည့် တရားဝင် သံတမန်ဆက်ဆံရေး ထူထောင်မှုကို ရည်ညွှန်းခဲ့ခြင်းမရှိဘဲ ညှို့သည်များအကြား အပြန်အလှန် ညှို့ဝတ်ကျေပွန်မှု ဖလှယ်ရန်သာ အကြံပြုခဲ့ပါသည်။

ရုရှားနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရေးကို စိတ်အားအထက်သန်ဆုံး အပြင်းအထန် မြှင့်တင်ပေးသူမှာ အရှေ့တိုင်းအကြောင်း စာရေးသော ရုရှားလူမျိုး ခရီးသွားတစ်ဦးဖြစ်သူ မစ္စတာပီအိုင်ပါရှင်နို ( Mr. P.I. Pashino) ဖြစ်ပြီး ရုရှားအင်ပါယာအနေဖြင့် အရှေ့တောင်အာရှတွင် အထူးအခန်းကဏ္ဍမှ ပါဝင်နိုင်သည်ဟု ယုံကြည်ထားသူ တစ်ဦးဖြစ်သည်။ ၎င်းသည် ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာန၏ အာရှဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ပါရှား ၁၈၆၁ နှင့် တာကစ်စတန် ၁၈၆၆–၆၇ တို့တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဆိုဗီယက် စာရေးဆရာများက ၎င်းကို ရုရှားနိုင်ငံ၏ ဗဟိုအာရှ ကိုလိုနီပြုရေး လှုပ်ရှားမှုကို ဝေဖန်သူအဖြစ် သတ်မှတ်ကြသည်။ မစ္စတာပီအိုင်ပါရှင်နိုသည် အီဂျစ်၊ အိန္ဒိယ၊ မလေး၊ တရုတ်၊ ဂျပန်တို့ပါဝင်သည့် ၎င်း၏ ကမ္ဘာလှည့်ခရီးစဉ်အတွင်း မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ၁၈၇၆ ခုနှစ်တွင် ရောက်ရှိခဲ့ပါသည်။ ဘုရင်နန်းစိုက်ရာ မန္တလေးမြို့သို့ ဆန်တက်သည့် ရောဝတီမြစ်ရိုးတစ်လျှောက်တွင် စိမ်းလန်းစိုပြည်သော အပူပိုင်းဒေသ သဘာဝပေါက်ပင်များ၊ တစ်မူထူးခြားသော ရွာများ၏ ရှုခင်းနှင့် မြို့တော်ဟောင်း အမရပူရ၏ သပ္ပာယ်လှသော ဘုရားများနှင့် စေတီပုထိုးများကို တွေ့ခဲ့ရသည်။ မြန်မာနိုင်ငံရှိ နယ်ပယ်အမျိုးမျိုးမှ လူများနှင့် တွေ့ဆုံအပြီးတွင် ဗြိတိသျှတို့၏ ထိန်းချုပ်မှုကြောင့် အကျပ်အတည်း တွေ့ကြုံရသော မြန်မာတို့အပေါ် စာနာစိတ်ဝင်ခဲ့သည်။ မင်းတုန်းမင်းနှင့် တွေ့ဆုံအပြီးတွင် မင်းတုန်းမင်းကို အလွန်နှစ်သက်ခဲ့ပြီး ဥရောပဓလေ့ထုံးတမ်းများနှင့် အကျွမ်းဝင်သော အဆင့်မြင့်ပညာတတ်တစ်ဦးအဖြစ် ဖော်ပြခဲ့သည်။

၎င်းနေထိုင်စဉ် ကာလအတွင်း မစ္စတာပီအိုင်ပါရှင်နိုသည် မင်းတုန်းမင်းကို ရုရှားနိုင်ငံနှင့် သံတမန်ရေးရာ ဆက်သွယ်ရာတွင် မည်သို့ဆောင်ရွက်ရမည်ကို အကြံပြုခဲ့ရုံသာမက မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး လွတ်လပ်မှုတို့ကို ထိန်းသိမ်းရန် နည်းလမ်းများကိုပါ အကြံပြုခဲ့သည်။ ဗြိတိသျှတို့က ပင်လယ်ဆိပ်ကမ်းများနှင့် အောက်မြန်မာပြည်ကို ထိန်းချုပ်ထားသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာနှင့် ကုန်သွယ်ဆက်ဆံရေးအတွက် အရှေ့မြောက်အရပ်ရှိ တရုတ်နယ်စပ်သို့ မီးရထားလမ်းဖောက်လုပ်ရန် အကြံပြုခဲ့သည်။

**အစီရင်ခံစာ တစ်စောင်**

ရေရှည်အနေဖြင့် ထိုရထားလမ်းမှသည် တရုတ်ကိုဖြတ်၍ ရုရှားနိုင်ငံနှင့် ချိတ်ဆက်မိရန် မျှော်လင့်ခဲ့သည်။ မစ္စတာပီအိုင်ပါရှင်နိုသည် မြန်မာနိုင်ငံ ကြုံတွေ့နေရသော အခြေအနေများနှင့် ၎င်း၏ ခရီးစဉ်အကြောင်းကို ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနသို့ အစီရင်ခံစာတစ်စောင်ရေးတင်ခဲ့သည့်အပြင် ထင်ရှားသော ဂျာနယ်များတွင်ပါ အောက်ပါအတိုင်း ရေးသားခဲ့သည် –

"အာရှတိုက်သားများအတွက် ရုရှားနိုင်ငံဟာ ဆွဲဆောင်မှုတစ်မျိုးရှိတယ်။ တိုင်းတပါး နယ်ချဲ့တွေရဲ့အုပ်ချုပ်မှုအောက်ကနေ ရုရှားနိုင်ငံက ကယ်တင်လိမ့်မယ်ဆိုတဲ့ ယုံကြည်မှုဟာ အာရှပြည်သူအများစုကြားမှာ ဘယ်အချိန်ကစပြီး ပေါ်ပေါက်လာခဲ့တယ်ဆိုတာ မသိပါဘူး။ မြန်မာဘုရင် မင်းတုန်းမင်းဟာ ဒီအမြင်ကို စိတ်အားထက်သန်စွာ ထောက်ခံသူတစ်ဦးဖြစ်ပြီး မဟာပီတာ (Peter the Great) ရဲ့ သမိုင်းကို တောင် သူ့အတွက် ဘာသာပြန်ဆိုစေခဲ့၊ အသေးစိတ်လေ့လာခဲ့သူ ဖြစ်ပါတယ်။"

၁၈၇၆ ခုနှစ် နိုဝင်ဘာတွင် မင်းတုန်းမင်းနှင့် ကင်းဝန်မင်းကြီးတို့က ရုရှားနိုင်ငံခြားရေးဝန်ကြီး အလက်ဇန်းဒါး ဂေါ်ချာကော့ဖ် (Alexander Gorchakov) နှင့် ရုရှားစစ်ဘက်ရေးရာဝန်ကြီး ဒီမီထရီမီလီယူတင် (Dmitry Milyutin) ထံသို့ ပေးပို့သည့် စာနှစ်စောင်ကို မစ္စတာပီအိုင်ပါရှင်နို ထံသို့ အပ်နှံခဲ့ပါသည်။ ပထမစာတွင် ရုရှားနှင့် မြန်မာနိုင်ငံတွင် ကောင်စစ်ဝန်ရုံးများ တည်ထောင်ရန် တောင်းဆိုခဲ့ပြီး မြန်မာအစိုးရ၏ ဖော်ရွေမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို သက်သေပြသည့်အနေဖြင့် ရုရှားခရီးသွားများအပေါ် ညှို့ဝတ်ကျေပွန်မှုများကို အကိုးအကားပြခဲ့သည်။ ဒုတိယစာတွင် မြန်မာလူငယ်များအား ရုရှားနိုင်ငံရှိ စစ်သင်တန်းကျောင်းများတွင် တက်ရောက်ရန် တရားဝင်ခွင့်ပြုချက် တောင်းခံထားပြီး မြန်မာအစိုးရ၏ လက်နက်ထုတ်လုပ်ရေးနှင့် စစ်ဘက်ဆိုင်ရာညွှန်ကြားမှုများတွင် ကူညီရန် စွမ်းရည်ရှိသော ရုရှားအရာရှိတစ်ဦးကို စေလွှတ်ပေးရန် တောင်းဆိုခဲ့ပါသည်။

ထိုစာကို ရရှိသည့်အချိန်တွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန အာရှဌာနတွင် အလုပ်လုပ်နေသည့် မစ္စတာအဲန်ဂျီဂျီယာ့စ် (နောင်တွင် နိုင်ငံခြားရေးဝန်ကြီး Mr. N. G. Giers) (၁၈၈၂–၁၈၉၅) က မြန်မာ၏ တောင်းဆိုချက်သည် ဗြိတိသျှတို့ကို ထိတ်လန့်သွားစေနိုင်ကြောင်း သတိပေးပြောကြားခဲ့ပြီး ပြန်စာကို မြန်မာ၏ တောင်းဆိုမှုနှင့် ပတ်သက်ပြီး အသေးစိတ်အချက်အလက်များ သိရှိရသည်အထိ ဆိုင်းငံ့ထားရန် ရုရှားစစ်ဘက်ရေးရာဝန်ကြီး ဒီမီထရီမီလီယူတင်ကို အကြံပြုခဲ့သည်။

သို့သော်လည်း နိုင်ငံခြားရေးဝန်ကြီးသည် မစ္စတာအဲန်ဂျီဂျီယာ့စ်နှင့် တိုင်ပင်ပြီးနောက် ရုရှားကာကွယ်ရေးဝန်ကြီး ဒီမီထရီမီလီယူတင်အား ကင်းဝန်မင်းကြီးထံသို့ သင့်လျော်စွာ အကြောင်း ပြန်စေခဲ့ပါသည်။ ထိုပြန်စာတွင် ရုရှားအနေဖြင့် မြန်မာလူငယ်များကို သိပ္ပံနှင့် စက်မှုပညာများ သင်ကြားရန် ဖော်ရွေစွာ ကြိုဆိုသွားမည်ဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ပါသည်။ သို့သော် မည်သည့် အကြောင်းကြောင့်မှန်းမသိ ဤအဆိုပြုချက်ကို အကောင်အထည်မဖော်နိုင်ခဲ့ပေ။ ဤအချိန်တွင် ပြင်သစ်တို့သည် မြန်မာ့အရေးတွင် ပိုမိုတက်ကြွသော အင်အားစုတစ်ခုအဖြစ် ပေါ်ထွန်းလာခြင်းကြောင့် အုပ်ချုပ်သူ အသိုင်းအဝိုင်းများအနေဖြင့် သံတမန်ရေး အကူအညီအတွက် ပြင်သစ်တို့ထံမှ နည်းလမ်းရှာဖွေရန် အလေးသာခဲ့ဟန်ရှိသည်။ ရုရှားအရာရှိများသည် မြန်မာနိုင်ငံကို ပထဝီဝင်အနေအထားအရ ရုရှားအင်ပါယာမှ ဝေးကွာလွန်းသည်ဟု ရှုမြင်နေကြဆဲဖြစ်ပြီး မြန်မာ့အရေးတွင် ပါဝင်ပတ်သက်မှုကြောင့် ဗြိတိန်၊ ပြင်သစ်တို့နှင့် နားလည်မှုလွဲမှားမည်ကို စိုးရိမ်ခဲ့ကြသည်။

**ကုန်းဘောင်မင်းဆက် ဆုံးခန်းတိုင်**

မင်းတုန်းမင်းသည် နတ်ရွာစံချိန် (၁၈၇၈ ခုနှစ်) အထိ ရုရှားနိုင်ငံနှင့် ဆက်ဆံရေးထူထောင်ရန် ကြိုးပမ်းခဲ့ပြီး မဟာပီတာအပေါ် လေးစားမှုကို ပြသခဲ့ပါသည်။ ၎င်းကို ဆက်ခံသူ သီပေါမင်း (၁၈၇၈–၁၈၈၅) သည် ဗြိတိသျှတို့၏ ထိန်းချုပ်မှုကို တန်ပြန်ရန် ဥရောပနှင့် ရုရှားတို့၏ အကူအညီကို ပြတ်ပြတ်သားသား တောင်းခံခဲ့သော်လည်း ၁၈၈၀ ပြည့်နှစ်ကာလများအစတွင် မြန်မာဘုရင်စနစ်၏ ဩဇာအာဏာ အားနည်းသွားခြင်းနှင့် ၁၈၈၅ ခုနှစ်တွင် စီးပွားရေးအကျပ်အတည်းများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီး အထက်မြန်မာပြည်ကို အင်္ဂလိပ်တို့ သိမ်းပိုက်ခဲ့၍ ကုန်းဘောင်မင်းဆက် ဆုံးခန်းတိုင်ခဲ့ရသည်။

မြန်မာနိုင်ငံ ဗြိတိသျှကိုလိုနီဖြစ်ပြီးနောက်တွင်ပင် ရုရှားခရီးသွားများသည် မြန်မာနိုင်ငံသို့ ဆက်လက်သွားရောက်ခဲ့ကြပြီး ၎င်းတို့၏ရေးသားမှုများတွင် ဗြိတိန်ကို ပြိုင်ဘက်နယ်ချဲ့အင်အားကြီးအဖြစ် ဝေဖန်အကဲဖြတ်မှုများ ပါရှိပါသည်။

မြန်မာနိုင်ငံတွင် ရုရှားကောင်စစ်ဝန်ရုံး တည်ထောင်ရေးနှင့် ပတ်သက်ပြီး (၁၈၉၉) ခုနှစ်တွင်မူ ဗြိတိသျှတို့က ရုရှားတို့အနေဖြင့် အီကွတ် (Irkutsk) နှင့် စမာကန် (Samarkand) မြို့များတွင် ဗြိတိသျှကောင်စစ်ဝန်ရုံးများ တည်ထောင်ခွင့်ပြုပါက မြန်မာနိုင်ငံတွင် ရုရှားကောင်စစ်ဝန်ရုံးတည်ထောင်ခွင့် ပြုမည်ဟု ကမ်းလှမ်းခဲ့သည်။

❋ ရုရှားနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရေးကို စိတ်အားအထက်သန်ဆုံး အပြင်းအထန် မြှင့်တင်ပေးသူမှာ အရှေ့တိုင်းအကြောင်း စာရေးသော ရုရှားလူမျိုး ခရီးသွားတစ်ဦးဖြစ်သူ မစ္စတာပီအိုင်ပါရှင်နို ( Mr. P.I. Pashino) ဖြစ်

❋ မြန်မာနိုင်ငံ၏ နယ်ချဲ့ကိုလိုနီစနစ်ကို တွန်းလှန်ရန်ကြိုးပမ်းခဲ့သည့် သမိုင်းကြောင်းတွင် ရုရှားနိုင်ငံနှင့် သံတမန်ဆက်ဆံရေး တည်ထောင်နိုင်ရေး ရှေးမြန်မာပဒေသရာဇ်စနစ်၏ ဘုရင်နှင့် မှူးမတ်များက အားထုတ်ကြိုးပမ်းခဲ့မှုသည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့

*စာမျက်နှာ ၁၈ သို့*

# အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
နေပြည်တော်

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၂) ရက်
၂၀၂၂-၂၀၂၃ ပညာသင်နှစ်

**အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာခြင်း**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဋ္ဌမတန်း၊ ဒသမတန်းနှင့် ကောဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်းကြေညာအပ်ပါသည်-

*(ယမန်နေ့မှအဆက်)*

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၃ ခုနှစ်၊ အဋ္ဌမတန်း(Grade 9) လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၉၂ | မအင်ကြင်းစံ | အထက၊ ဇရပ်ပြင် | ရမ်းဗြဲ | ကျောက်ဖြူ |
| ၉၃ | မောင်ဇော်သူခန့် | အထက (၂) | ဘူးသီးတောင် | မောင်တော |
| ၉၄ | မအေးငြိမ်းခိုင် | အထက (၂) | ဘူးသီးတောင် | မောင်တော |
| ၉၅ | မောင်ဖွဲ့ရန်နိုင် | အထက (ခွဲ) မြို့မ | သံတွဲ | သံတွဲ |
| ၉၆ | မကြယ်စင်သွန်းထက် | အထက (ခွဲ) မြို့မ | သံတွဲ | သံတွဲ |
| ၉၇ | မောင်ကောင်းမြတ်ကျော် | အထက (၁) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၉၈ | မောင်ဘုန်းခန့်သော် | အထက၊ အင်းတိုင် | လှည်းကူး | မြောက်ပိုင်း |
| ၉၉ | မနေခြည်ရွှန်းလဲ့ | အထက (၁) | အင်းစိန် | မြောက်ပိုင်း |
| ၁၀၀ | မအိသီရိအောင် | ဘဝသစ် (ကပက) | ရွှေပြည်သာ | မြောက်ပိုင်း |
| ၁၀၁ | မောင်ခိုင်ခန့်ဇော် | အလက(လေ့ကျင့်ရေး) | ရန်ကင်း | အရှေ့ပိုင်း |
| ၁၀၂ | မောင်မြတ်ကိုကို | အထက(၂) | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၀၃ | မောင်ထက်မြက်အောင် | အထက (၁) | တာမွေ | အရှေ့ပိုင်း |
| ၁၀၄ | မအိမ့်ခွန်းသံစဉ် | အထက (၅) | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၁၀၅ | မခန့်မှူးရွှေရည် | အထက (၂) | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၀၆ | မယွန်းပွင့်ဖြူ | အထက (၂) | ဒဂုံ (မြောက်) | အရှေ့ပိုင်း |
| ၁၀၇ | မောင်ဇေလင်းထက် | အထက (၂) | ကျောက်တန်း | တောင်ပိုင်း |
| ၁၀၈ | မောင်ကျော်ဇေယျာဝင်း | အထက၊ တော်ခရမ်းကြီး | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၀၉ | မတင်ဇာလမင်း | အထက (၂) | ကျောက်တန်း | တောင်ပိုင်း |
| ၁၁၀ | မမိုးပွင့်ဖြူ | အထက (၁) | ခရမ်း | တောင်ပိုင်း |
| ၁၁၁ | မောင်ခန့်ဇေသူ | အထက (၂) | ဗဟန်း | အနောက်ပိုင်း |
| ၁၁၂ | မောင်ခန့်ဇင်ငြိမ်း | အထက (၁) | ဒဂုံ | အနောက်ပိုင်း |
| ၁၁၃ | မဆုအိမြစန်း | အထက၊ လေ့ကျင့်ရေး | ကမာရွတ် | အနောက်ပိုင်း |
| ၁၁၄ | မဟန်နွယ်ငြိမ်း | အလက (၁) | ဒဂုံ | အနောက်ပိုင်း |
| ၁၁၅ | မောင်ဟိန်းထက်ကျော် | အထက၊ ပင်းတယ | ပင်းတယ | တောင်ကြီး |
| ၁၁၆ | စိုင်းဝင်းဘုန်းခန့် | အထက (၄) တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၁၇ | မအက်စတာမင်း | အထက (၄) တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၁၈ | မအိသင်ဇာကျော် | အထက၊ ဗထူး | ရပ်စောက် | တောင်ကြီး |
| ၁၁၉ | မောင်အောင်ဇော်လင်း | အထက (၃) လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၂၀ | မောင်ပြည့်ဖြိုးအောင် | အထက၊ ဝမ်ကန် | မိုင်းရှူး | လွိုင်လင် |
| ၁၂၁ | နန်းဆုမြတ်ဖြူ | အထက၊ နမ့်စန် | နမ့်စန် | လွိုင်လင် |
| ၁၂၂ | နန်းအိအိထွေး | အထက (၁) ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၂၃ | မောင်သော်ဘုန်းဦး | အလက (ခွဲ) တောင်ရွာ | လင်းခေး | လင်းခေး |
| ၁၂၄ | မမြမဥ္ဇူကျော် | အလက (ခွဲ) ဈေးတန်း | မောက်မယ် | လင်းခေး |
| ၁၂၅ | မောင်ထက်စွမ်းရည် | အထက (ခွဲ) အလက (၅) | လားရှိုး | လားရှိုး |
| ၁၂၆ | မောင်ထူးချွန်အောင် | အထက၊ ဟိုပန် | ဟိုပန် | လားရှိုး |
| ၁၂၇ | မအိသဥ္ဇာဝင်း | အထက(ခွဲ) အလက (၅) | လားရှိုး | လားရှိုး |
| ၁၂၈ | မရွှေရတီချို | အထက၊ မိုင်းရယ် | မိုင်းရယ် | လားရှိုး |
| ၁၂၉ | မောင်မိုင်းမျိုးမင်းအောင် | အထက (၂) | မိုးမိတ် | ကျောက်မဲ |
| ၁၃၀ | မောင်စိုင်းစိုင်းလင်းထွန်း | အထက၊ နောင်းပိန် | ကျောက်မဲ | ကျောက်မဲ |
| ၁၃၁ | မကြည်နူးခင် | အထက၊ မန်ကျည်းပင် | မိုးမိတ် | ကျောက်မဲ |
| ၁၃၂ | မနန်းယိင်းမွေဆိုင် | အထက (၁) | ကျောက်မဲ | ကျောက်မဲ |
| ၁၃၃ | မောင်သန်းထိုက်စိုး | အထက(၁) | မူဆယ် | မူဆယ် |
| ၁၃၄ | မလွေးအေစန်းမွန်ဦး | အထက (၁) | မူဆယ် | မူဆယ် |
| ၁၃၅ | မောင်သူရဉာဏ် | အထက (၅) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၃၆ | မမေထက်ဝေ | အထက (ခွဲ) အလက (၃) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၃၇ | မောင်လင်းထက်အောင် | အထက၊ ဟိုနား | မိုင်းဖြတ် | တာချီလိတ် |
| ၁၃၈ | မအင်ကြင်းခိုင် | အထက၊ ဟောင်လိတ် | တာချီလိတ် | တာချီလိတ် |
| ၁၃၉ | မောင်စိုင်းဉာဏ်လင်းထက် | အထက၊ မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၄၀ | မဆောင်းသဇင် | အထက၊ မိုင်းတုံ | မိုင်းတုံ | မိုင်းဆတ် |
| ၁၄၁ | မောင်ရဲထွဋ်မှူးအောင် | အထက (၆) ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၄၂ | မောင်အောင်ကိုနိုင် | အထက၊ ဂျမ်းကပ် | ငပုတော | ပုသိမ် |
| ၁၄၃ | မမေစုခိုင် | စိန်ဂျွန်း (ကပက) | ပုသိမ် | ပုသိမ် |
| ၁၄၄ | မကောင်းဆုဟံသာ | အထက (၂) ကျောင်းကုန်း | ကျောင်းကုန်း | ပုသိမ် |
| ၁၄၅ | မောင်ဖြိုးသူရကျော် | အထက၊ မျောက်ချောကုန်း | ကြံခင်း | ဟင်္သာတ |
| ၁၄၆ | မောင်ဇေလျှမ်းထက် | အထက၊ မဲဇလီကုန်း | အင်္ဂပူ | ဟင်္သာတ |
| ၁၄၇ | မဖူးဟေသာဖြိုး | ကြယ်တံခွန် (ကပက) | ဟင်္သာတ | ဟင်္သာတ |
| ၁၄၈ | မဖူးမြတ်ချယ် | အထက၊ ချင်းမြောင် | ကြံခင်း | ဟင်္သာတ |
| ၁၄၉ | မောင်အောင်သူရ | အထက (၂) အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၅၀ | မထက်မြတ်ရွှေရည် | အထက (၁) မြောင်းမြ | မြောင်းမြ | မြောင်းမြ |
| ၁၅၁ | မောင်ပြည့်ဘုန်းခန့် | အထက (၁) | လပွတ္တာ | လပွတ္တာ |
| ၁၅၂ | မဂျူးမွန်လင်း | အထက (၁) | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၅၃ | မောင်ကျော်ဝင်းဇော် | အထက (၁) | မအူပင် | မအူပင် |
| ၁၅၄ | မသဒ္ဒါခွန်းချို | အထက (၁) ဓနုဖြူ | ဓနုဖြူ | မအူပင် |
| ၁၅၅ | မောင်ဖွဲ့ထက်စံ | အထက (၁) ဒေးဒရဲ | ဒေးဒရဲ | ဖျာပုံ |
| ၁၅၆ | မမြတ်ကေဇင်စိုး | အထက (၁) ဘိုကလေး | ဘိုကလေး | ဖျာပုံ |
| ၁၅၇ | မောင်စွမ်းသူအောင် | အထက (၅) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၅၈ | မချိုသံလွင်ကို | အထက (၅) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၅၉ | မောင်သူရကျော်စိုး | အထက (၂) | တပ်ကုန်း | ဥတ္တရ |
| ၁၆၀ | မအိဖြူစင်အောင် | ခေတ်ရှေ့ဆောင် (ကပက) | ပုဗ္ဗသီရိ | ဥတ္တရ |

*(ယမန်နေ့မှအဆက်)*

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၃ ခုနှစ်၊ ဒသမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၀၀ | မမေသက်နွယ် | အထက (၁) | အင်းစိန် | မြောက်ပိုင်း |
| ၁၀၁ | မောင်မင်းလျှမွန် | အထက (၂) | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၀၂ | မောင်ပြည့်မောက် | အထက (၅) | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၁၀၃ | မောင်မြတ်မင်းခန့် | အထက (၂) | သာကေတ | အရှေ့ပိုင်း |
| ၁၀၄ | မခိုင်ဝတ်ရည်ဦး | အထက (၂) | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၀၅ | မခိုင်မီမီဇော် | အထက (၁) | ဒဂုံ(အရှေ့) | အရှေ့ပိုင်း |
| ၁၀၆ | မသန့်ရတီအောင် | အထက (၅) | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၁၀၇ | မောင်ရဲလင်းကျော် | အထက (၂) | ခရမ်း | တောင်ပိုင်း |
| ၁၀၈ | မောင်အောင်ကောင်းခန့် | အထက (၁) | သန်လျင် | တောင်ပိုင်း |
| ၁၀၉ | မအလိမ္မာစုဇော် | အထက (၁) | ကျောက်တန်း | တောင်ပိုင်း |
| ၁၁၀ | မဆုဝတီ | အထက (၂) | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၁၁ | မောင်မင်းကြယ်စင်သန့် | မာကျူရီ (ကပက) | လမ်းမတော် | အနောက်ပိုင်း |
| ၁၁၂ | မောင်သာထက်နိုင် | အထက (လေ့ကျင့်ရေး) | ကမာရွတ် | အနောက်ပိုင်း |
| ၁၁၃ | မကြယ်စင်ရွှေပြည် | အထက (လေ့ကျင့်ရေး) | ကမာရွတ် | အနောက်ပိုင်း |
| ၁၁၄ | မဝင့်ဝါညီညီ | အထက (၂) | စမ်းချောင်း | အနောက်ပိုင်း |
| ၁၁၅ | မောင်သော်တာထွဏ်း | ရွှေပြည်ဟိန်း (ကပက) | တောင်ကြီး | တောင်ကြီး |
| ၁၁၆ | မောင်အောင်ဘုန်းခန့်ကျော် | အထက (ခွဲ) ရင်းမှီး | ပင်လောင်း | တောင်ကြီး |
| ၁၁၇ | နန်းချိုအိန္ဒြေဖူး | အထက (၄) တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၁၈ | မလပြည့်အေး | အထက၊ ဗထူး | ရပ်စောက် | တောင်ကြီး |
| ၁၁၉ | စိုင်းအောင်ဆန်း | အထက (၃) ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၂၀ | မောင်ပြည့်ဖြိုးအောင် | အထက (ခွဲ) ၅ ရပ်ကွက် | နမ့်စန် | လွိုင်လင် |
| ၁၂၁ | မလင်းရွှေစင်ဦး | အထက၊ နမ့်စန် | နမ့်စန် | လွိုင်လင် |
| ၁၂၂ | နန်းအိန္ဒြေဆုကို | အထက (၁) ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၂၃ | မောင်ဇော်ထက် | အထက၊ လင်းခေး | လင်းခေး | လင်းခေး |
| ၁၂၄ | မယမင်းအိန္ဒြေ | အထက၊ လင်းခေး | လင်းခေး | လင်းခေး |
| ၁၂၅ | မောင်နိုးဂျေစီအောင် | အထက (၆) | လားရှိုး | လားရှိုး |
| ၁၂၆ | မောင်အိုက်ကတ်ပလိတ် | အကယ်ဒမီ (ကပက) | တန့်ယန်း | လားရှိုး |
| ၁၂၇ | မဆုပြည့်ထက် | အထက (၃) | လားရှိုး | လားရှိုး |
| ၁၂၈ | မဆုယမင်းထက် | အထက (၁) | လောက်ကိုင် | လားရှိုး |
| ၁၂၉ | မောင်ခန့်မင်းထက် | အထက၊ ကံကြီး | နောင်ချို | ကျောက်မဲ |
| ၁၃၀ | မောင်သီဟဖြိုး | အထက၊ မန်ကျည်းပင် | မိုးမိတ် | ကျောက်မဲ |
| ၁၃၁ | မသန့်ကြယ်စင် | အထက၊ မန်ကျည်းပင် | မိုးမိတ် | ကျောက်မဲ |
| ၁၃၂ | မချစ်ဆုသွယ် | အမေ့အိမ် (ကပက) | နမ့်ဆန် | ကျောက်မဲ |
| ၁၃၃ | မောင်သာထက်ဇံ | အထက(၁) | မူဆယ် | မူဆယ် |
| ၁၃၄ | မနန်းဆိုင်မိုင် | အောင် (ကပက) | မူဆယ် | မူဆယ် |
| ၁၃၅ | မောင်အောင်လိန်းနိုင်း | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၃၆ | မဆုမင်းမင်းထက် | အထက (၂) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၃၇ | မောင်အောင်သီဟ | အထက၊ တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၃၈ | မချိုဇင်ဖူး | အထက၊ တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၃၉ | မောင်ဝေယံဘုဏ်းပြည့်အောင် | အထက၊ မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၄၀ | မနန်းလောင်ဝမ်းဆီ | အထက၊ မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၄၁ | မောင်သက်ခိုင်ထွဋ်မှူး | အထက (၆) ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၄၂ | မအိအိတုံ | အထက (၆) ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၄၃ | မောင်ရဲထွဋ်မှူးအောင် | မြန်ပြည်သားကောင်း (ကပက) | ကျုံပျော် | ပုသိမ် |
| ၁၄၄ | မယွန်းဝတီဦး | ယောနသံ (ကပက) | ကျုံပျော် | ပုသိမ် |
| ၁၄၅ | မောင်စိုးခန့်ကျော် | အထက၊ ဒေါင့်ကြီး | ဇလွန် | ဟင်္သာတ |
| ၁၄၆ | မောင်စစ်သွေးညီ | အထက (၁)၊ ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၄၇ | မမေပန်းချီ | အထက (၃)၊ ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၄၈ | မမြတ်ထူးထူးနိုင် | အထက၊ ချင်းမြောင် | ကြံခင်း | ဟင်္သာတ |
| ၁၄၉ | မောင်ဝေနိုင်ထွန်း | အထက (၂) အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၅၀ | မထက်အိန္ဒြာကျော် | အထက (၁) ဝါးခယ်မ | ဝါးခယ်မ | မြောင်းမြ |
| ၁၅၁ | မောင်အောင်ကောင်းပြည့် | အထက(၁) | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၅၂ | မနန္ဒာမိုးဦး | အထက (၁) | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၅၃ | မောင်ဉာဏ်မင်းထက် | ပညာခေတ် (ကပက) | မအူပင် | မအူပင် |
| ၁၅၄ | မမေအင်ကြင်းကို | ပညာခေတ် (ကပက) | မအူပင် | မအူပင် |

*စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၇ မှ*

| | | | | |
|---|---|---|---|---|
| ၁၅၅ | မောင်စွမ်းထက် | အထက (၁) ဘိုကလေး | ဘိုကလေး | ဖျာပုံ |
| ၁၅၆ | မယွန်းခင်မင်းမြတ်အောင် | အထက (၁) ဒေးဒရဲ | ဒေးဒရဲ | ဖျာပုံ |
| ၁၅၇ | မောင်ကျော်ဇင်သီဟ | အထက (၆) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၅၈ | မပြည့်ဝင်းလဲ့ကြည် | အထက (၁) | ပျဉ်းမနား | ဒက္ခိဏ |
| ၁၅၉ | မောင်လမင်းထွန်း | အထက (၁) | ဇေယျာသီရိ | ဥတ္တရ |
| ၁၆၀ | မနှင်းချယ်ရီလှိုင် | အထက (၁) | ဇေယျာသီရိ | ဥတ္တရ |

*(ယမန်နေ့မှအဆက်)*

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၃ ခုနှစ်၊ ဘောဒသမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၉၄ | မအေးအေးသွယ် | အထက (၂) | ဘူးသီးတောင် | မောင်တော |
| ၉၅ | မောင်လူမော်အောင် | အထက (ခွဲ) မြို့မ | သံတွဲ | သံတွဲ |
| ၉၆ | မနှင်းရွှေရည် | အထက (ခွဲ) မြို့မ | သံတွဲ | သံတွဲ |
| ၉၇ | မောင်ဟိန်းလင်းထက် | အထက (၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၉၈ | မောင်အောင်ကောင်းမြတ် | အထက (၆) | အင်းစိန် | မြောက်ပိုင်း |
| ၉၉ | မစိုးလဲ့နွယ် | ကောင်းစုံ (ကပက) | ရွှေပြည်သာ | မြောက်ပိုင်း |
| ၁၀၀ | မလင်းဝသန်ဦး | အထက (၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၀၁ | မောင်မင်းခန့်ဗိုလ် | အထက (၁) | သာကေတ | အရှေ့ပိုင်း |
| ၁၀၂ | မောင်အောင်ကောင်းမြတ် | အထက (၆) | မြောက်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၀၃ | မောင်ကောင်းထက်နောင် | EC (ကပက) | တာမွေ | အရှေ့ပိုင်း |
| ၁၀၄ | မလင်းလက်ရွှေရည်သန့် | အထက (၄) | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၁၀၅ | မနန်းဥမ္မာဝေ | အထက (၁) | မြောက်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၀၆ | မထက်ဦးရွှေရည် | အထက (၁) | ဒဂုံ(ဆိပ်ကမ်း) | အရှေ့ပိုင်း |
| ၁၀၇ | မောင်မျိုးပိုင်ဇော် | အထက (၂) | ခရမ်း | တောင်ပိုင်း |
| ၁၀၈ | မောင်ရှင်းသန့်လင်းထွန်း | အထက၊ တော်ခရမ်းကြီး | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၀၉ | မအိန္ဒြေသူ | အထက၊ ဘုရားကြီး | တွံတေး | တောင်ပိုင်း |
| ၁၁၀ | မခင်ဘုန်းဆက် | အထက (၂) | ကျောက်တန်း | တောင်ပိုင်း |
| ၁၁၁ | မောင်အောင်ကောင်းပြည့် | အထက၊ လေ့ကျင့်ရေး | ကမာရွတ် | အနောက်ပိုင်း |
| ၁၁၂ | မောင်ဟိန်းထက် | အထက (၂) | ဗဟန်း | အနောက်ပိုင်း |
| ၁၁၃ | မအေးရတီထိုက် | အထက (၁) | ဒဂုံ | အနောက်ပိုင်း |
| ၁၁၄ | မဆုရတီမျိုး | ကောင်းထက်ကျော် (ကပက) | ဗဟန်း | အနောက်ပိုင်း |
| ၁၁၅ | မောင်ဟိန်းနိုင်အောင် | အထက၊ ဗထူး | ရပ်စောက် | တောင်ကြီး |
| ၁၁၆ | မောင်ရှင်းပိုင်ဟိန်း | အထက၊ အောင်သပြေ | တောင်ကြီး | တောင်ကြီး |
| ၁၁၇ | မမေသူထွန်း | အထက (၄) တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၁၈ | နန်းအေးထွေး | အထက (၂) ဟိုပုံး | ဟိုပုံး | တောင်ကြီး |
| ၁၁၉ | မောင်ရန်နိုင် | အထက၊ မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၂၀ | မောင်ပြည့်ဘုန်းအောင် | အထက၊ နမ့်စန် | နမ့်စန် | လွိုင်လင် |
| ၁၂၁ | မအိအိရွှန်းဝေ | အထက၊ နမ့်စန် | နမ့်စန် | လွိုင်လင် |
| ၁၂၂ | နန်းစံမွမ်းဆိုင် | အထက (၁) ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၂၃ | မောင်စည်သူငွေး | အထက၊ လင်းခေး | လင်းခေး | လင်းခေး |
| ၁၂၄ | မငွေနှင်းဖြူ | အထက၊ မိုးနဲ | မိုးနဲ | လင်းခေး |
| ၁၂၅ | မောင်မင်းမြတ်အောင် | အထက (ခွဲ) အလက (၅) | လားရှိုး | လားရှိုး |
| ၁၂၆ | မောင်ထက်လင်းအောင် | အထက (၁) | သိန္နီ | လားရှိုး |
| ၁၂၇ | နန်းလူ | အကယ်ဒမီ (ကပက) | တန့်ယန်း | လားရှိုး |
| ၁၂၈ | နန်းနွေးသိမ့်နေခြည် | ဝင်းနိုင်အောင်မြေ (ကပက) | လားရှိုး | လားရှိုး |
| ၁၂၉ | မောင်သန့်ဇင်လင်း | အထက၊ညောင်ပင်စောက် | မိုးမိတ် | ကျောက်မဲ |
| ၁၃၀ | မရွှန်းလဲ့ယွန်းမေ | WVEC (ကပက) | နောင်ချို | ကျောက်မဲ |
| ၁၃၁ | မောင်နိုင်းနိုင်း | အထက (၁) | ကွတ်ခိုင် | မူဆယ် |
| ၁၃၂ | မကေဇင်လင်း | အထက (၁) | ကွတ်ခိုင် | မူဆယ် |
| ၁၃၃ | မောင်ဟံသာအောင်တင် | အထက (၄) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၃၄ | မချောမြတ်နိုးခင် | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၃၅ | မောင်စွမ်းသိမ်ခ် | အထက ၊ မိုင်းဖြတ် | မိုင်းဖြတ် | တာချီလိတ် |
| ၁၃၆ | မခင်နှံ့သာခိုင် | အထက၊ တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၃၇ | မောင်အောင်ကြည်ဦး | အထက၊ မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၃၈ | မလဲ့လဲ့ဝင်း | အထက၊ မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၃၉ | မောင်ထွဋ်ခန့်ဇော် | အထက (၁ )ကျုံပျော် | ကျုံပျော် | ပုသိမ် |
| ၁၄၀ | မောင်ထက်ပိုင်ဦး | အထက၊ ငါးသိုင်းချောင်း | ရေကြည် | ပုသိမ် |
| ၁၄၁ | မပိုင်ဖြူဖြူကို | ယောနသံ (ကပက) | ကျုံပျော် | ပုသိမ် |
| ၁၄၂ | မရွှေသက်တာ | အထက၊ ရေကြည် | ရေကြည် | ပုသိမ် |
| ၁၄၃ | မောင်ညီဇေယျ | အထက၊ ထူးကြီး | အင်္ဂပူ | ဟင်္သာတ |
| ၁၄၄ | မောင်ကောင်းခန့်ကျော် | အထက (၁) ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၄၅ | မရွှေရည်ဝင့်ဝါ | အထက (၁) ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၄၆ | မမေသံသာဦး | အထက (၁) ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၄၇ | မောင်ကောင်းဆင့်သော် | အထက (၆) မြောင်းမြ | မြောင်းမြ | မြောင်းမြ |
| ၁၄၈ | မနိုနိုအောင် | အထက (၁) မြောင်းမြ | မြောင်းမြ | မြောင်းမြ |
| ၁၄၉ | မောင်အေးတည်ထက် | အထက (၁) | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၅၀ | မရွှန်းလဲ့လဲ့ရည် | အထက (၁) | လပွတ္တာ | လပွတ္တာ |
| ၁၅၁ | မောင်ကောင်းထက်မင်း | ပညာခေတ် (ကပက) | မအူပင် | မအူပင် |
| ၁၅၂ | မအိမ့်ချမ်းမြေ့ | ပညာခေတ် (ကပက) | မအူပင် | မအူပင် |
| ၁၅၃ | မောင်အောင်သူရထွဋ် | အထက (၁) ဖျာပုံ | ဖျာပုံ | ဖျာပုံ |
| ၁၅၄ | မမေသက်နိုင် | အထက (၁) ဘိုကလေး | ဘိုကလေး | ဖျာပုံ |
| ၁၅၅ | မောင်ဝေယံမြင့်အောင် | အထက (၆) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၅၆ | မခြူးမြတ်စန္ဒီ | အထက (၅) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၅၇ | မောင်ရွှေသတ္တိ | အထက (၂၀) | ပုဗ္ဗသီရိ | ဥတ္တရ |
| ၁၅၈ | မမေမြတ်သူ | အထက (၃) | ပုဗ္ဗသီရိ | ဥတ္တရ |

*စာမျက်နှာ ၁၆ မှ*

ထိုအချိန် ရန်ကုန်တွင် ရုရှား သဘော်အနည်းငယ်မျှသာ အဝင် အထွက်ရှိသည့်အတွက် ရုရှားကောင်စစ် ဝန်ရုံး ဆောက်လုပ်ရန် မလိုအပ်သေးကြောင်း ရုရှားအစိုးရအနေဖြင့် စဉ်းစားခဲ့သည်။ သို့သော် နောက်ပိုင်းတွင် ရုရှား သဘော်ကပ္ပတိန်များကို ကူညီပေးလျက်ရှိသည့် ဂျာမန်လူမျိုး မစ္စတာ ဖေါ်ကယ် (Mr. Fokke) အား ဒုတိယ ကောင်စစ်ဝန်အဖြစ် ခန့်အပ်ခဲ့ပါသည်။ ထိုအချိန်ကာလက ရုရှားနှင့် မြန်မာ အကြား ပုံမှန်ကုန်သွယ်မှုရှိခဲ့သော်လည်း အဓိကကုန်မှာ ရေနံဆီသာဖြစ်သည်။ သို့သော် ထိုအချိန်က ရုရှားနိုင်ငံ၏ ကုန်သွယ်ရေကြောင်း အကျိုးစီးပွား အများစုမှာ ၎င်းတို့၏ အရှေ့ဘက်သို့ ရေတပ်ချဲ့ထွင်မှု၊ မန်ချူးရီးယားသို့ ချဲ့ထွင်မှု၊ တရုတ်နိုင်ငံ ဆက်ဆံရေးနှင့် ပိုမိုဆက်စပ်နေသော ထိုင်းနိုင်ငံနှင့် စင်ကာပူတစ်ဝိုက်ရှိ ရေလက်ကြားများ သို့သာ ကူးပြောင်းသွားခဲ့ကြပါသည်။

အထက်ဖော်ပြပါ အကြောင်းအရာတို့ကား ရှေးမြန်မာပဒေသရာဇ်စနစ်၏ နောက်ဆုံးမင်းဆက်ဖြစ်သော ကုန်းဘောင်မင်းဆက်ကာလအတွင်း ထိုစဉ်က ရုရှားဘုရင့်ပဒေသရာဇ်နိုင်ငံနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး တည်ဆောက်ရန် ကြိုးစားခဲ့ပုံများကို စာရွက်စာတမ်း အထောက်အထားများ အရ တင်ပြခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ နယ်ချဲ့ကိုလိုနီစနစ်ကို တွန်းလှန်ရန်ကြိုးပမ်းခဲ့သည့် သမိုင်းကြောင်းတွင် ရုရှားနိုင်ငံနှင့် သံတမန်ဆက်ဆံရေး တည်ထောင်နိုင်ရေး ရှေးမြန်မာပဒေသရာဇ်စနစ်၏ ဘုရင်နှင့် မှူးမတ်များက အားထုတ်ကြိုးပမ်းခဲ့မှုသည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း၊ ထိုခေတ်အခါက ပထဝီနိုင်ငံရေးအခြေအနေကြောင့်သာ အောင်မြင်မှုအနည်းငယ်သာ ရရှိခဲ့ခြင်းဖြစ်ကြောင်း ထပ်လောင်းရေးသားတင်ပြရင်း ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ကျရောက်သော မြန်မာ-ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်သည့် (၇၅) နှစ်မြောက် စိန်ရတု နေ့ထူးနေ့မြတ်ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

**ရည်ညွှန်းကိုးကား**
- ဦးအောင်ဇေယျအတ္ထုပ္ပတ္တိ (မဟာဘိ သက္ကပဏ္ဍိတဘွဲ့ခံ၊ ပါဠိဆရာကြီး ဦးစော၊ စာ-၄၈)
- ပေးစာ(မူရင်း)(အဂ္ဂမဟာသေနာပတိ အရေးပိုင်ဝန်ရှင်တော်၊ လယ်ကိုင်းမြို့စား သေနတ်ဝန် ကင်းဝန်မင်းကြီး မင်းသတိုးမင်းကြီး မဟာမင်းလှစည်သူကျော်က အာမေးနီးယား သာသနာပိုင် ဘုန်းတော်ကြီး ဂျီဗို့ဂ်-၄ (Gevorg-IV) ထံ ပေးပို့သည့် စာ)
- "Russian as the 'Western Other' in Southeast Asia; Encounters of Russian Travelers in the Second Half of the Nineteenth Century" ဆောင်းပါးရှင် K.A. snow, Russia Review Journal (Vol.71, No.2 April 2012)

## ကျောက်မဲ၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲကျင်းပ

**သီပေါ ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင်မီးသတ်ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန လေ့ကျင့်ရေးကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်မဲခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးမြင့်ဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးညွန့်ရွှေတို့က သင်တန်းသားများအနေဖြင့် သင်တန်းမှသင်ကြားပို့ချခဲ့သော မီးသတ်ပညာရပ်များကို ဆက်လက်ဆည်းပူးလေ့လာကြရန်၊ မီးသတ်တပ်ဖွဲ့ဆိုင်ရာ စွမ်းရည်မြင့်မားရေးအတွက် လိုအပ်သော လေ့ကျင့်မှုကို အစဉ်အမြဲလေ့ကျင့်ရန်၊ ပြည်သူများ ယုံကြည်အားထားသော တပ်ဖွဲ့ဝင်များအဖြစ် ရေရှည်တည်တံ့ရေး ကြိုးပမ်းကြရန်နှင့် မိမိတို့အား ပေးအပ်ထားသော ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နည်းဥပဒေများကို ကောင်းစွာသိရှိခံယူပြီး ပြည်သူများ ယုံကြည်အားထားရသော မီးသတ်တပ်ဖွဲ့ဝင်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားကြသည်။

ထို့နောက် သင်တန်းသားများက ရှာဖွေကယ်ဆယ်ရေးနည်းလမ်းများ၊ မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသကြပြီး သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးမြင့်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ရွှေနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **(ယာပုံ)**

**စိုင်း(သီပေါ)**



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၂-၂၀၂၃ သောကြာနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(အာဋာနာဋိယသုတ်) | ၁၆:၃၅ | မျိုးဗုဏ်တင့်စေ ဆိုကရေးတီးအငြိမ့ |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၁၅ | Weekly Sports Info |
| ၀၈:၃၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ(၂၀၂၃ခုနှစ်၊ဇန်နဝါရီလ)(ဒုတိယပိုင်း) | ၁၇:၃၀ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ(၂၀၂၃ခုနှစ်၊ဇန်နဝါရီလ)(တတိယပိုင်း) |
| ၀၉:၁၅ | ရှုကြည့်စေချင် ရှုရှားနိုင်ငံတစ်ခွင်(အပိုင်း-၁) | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၉:၂၅ | ပြည်ထောင်စုနေ့ ဂုဏ်ပြုတေးသီချင်း | ၁၈:၃၅ | သုတဝေဖြာ သိရိဂေဟာ |
| ၀၉:၄၀ | Soccer View | ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါဏ်ဒါဏ်အချစ်ချိုချို' (အပိုင်း-၄၂) |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၀:၃၀ | ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ် | ၂၁:၀၀ | ညီညွတ်ရေးသံစဉ်တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်(ပွဲစဉ်-၂) |
| ၁၁:၃၀ | MRTV National News | | |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချိတက်' (ဇာတ်သိမ်းပိုင်း) | | |
| ၁၄:၄၅ | ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ် 'ထိန်းသိမ်းအစဉ်အလာတို့ဝေလေ့ရှိရာ' | | |
| ၁၅:၂၅ | လူငယ်ရေးရာအစီအစဉ် | | |

**mitv**

07:02 Evergreen Classic: Myitta (Kyawt Kay Khaing)
07:08 Dough Artist's Dream
07:20 TECH School
07:28 Let's Taste Delicious Insects: Red Ant Spaghetti & Crickets, Soy Chips & Fragrant Root Curry
07:53 Temple Stalls
08:01 News
08:28 Nature's Progeny Town: December Garden
08:52 Colourful Threads
09:01 Listening Pleasure, Instrumental Music (Mandolin) Maryarma
09:11 Travelogue: ChaungTha at its peak period
09:27 Myanmar Marionette
10:01 News
10:27 Topical Topics (No.20) Protect Already-planted Saplings & Boost Agriculture and Livestock Sectors

**MRTV NRC**

**ချင်း (လိုင်စိုး) (၀၆:၀၀ မှ ၀၇:၀၀)**
သွေးချင်းတို့ရဲ့ဆုံဆည်းရာ(အပိုင်း-၂)

**ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ချင်း(ချိုး)ရိုးရာဝတ်စားဆင်ယင်မှုများနှင့် အဓိပ္ပာယ်များ

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
ချစ်စရာမွန်ရိုးရာအိမ်

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
လက်ဝဲသလုံးတော်ဓာတ်စေတီအကြောင်း

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ရောင်စုံပန်းတို့ရဲ့ဒိုင်ယာရီ

**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၁)

**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ကချင်ခေါင်ရည်(စပီ)ပြုလုပ်ပုံ

**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ဒီးကူနှင့်စည်းလုံးခြင်း

**ဝကျောကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ကရင်ရိုးရာဝတ်စုံလက်ရက်ကန်းလုပ်ခြင်း

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
သဘာဝဓိကျောင်းများပျော်စရာ မိန်းမလှကျွန်း

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
စွဲမက်စရာဇင်ပြုံးသီးတာလပေါ်

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၀၉:၁၅ ရသစုံစွာဤမြေကမ္ဘာ
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၁:၀၀ ပြည်တွင်းသတင်း(LIVE)
၂၁:၄၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ(၂၀၂၃ခုနှစ်၊ဇန်နဝါရီလ)(အပိုင်း-၃)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကူးစက်ရောဂါဖြန့်ပွားစေသည့်ပေါ့လျော့မှု'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၃)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း(တောင်အာဖရိကနိုင်ငံ)(အပိုင်း-၂)
၁၁:၃၀ အတွေးအမြင်(အပိုင်း-၃)

**MRTV FARMERS**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၅၀ သစ်ပင်စိုက်ပါတို့ကမ္ဘာ
၀၇:၀၀ ကျေးလက်ကွန်ရက်
၀၇:၁၅ အကျိုးများဖို့လေ့လာစရာ ရိတ်သိမ်းချိန်လွန်နည်းပညာ
၀၈:၂၀ ကလောမြို့နယ်မှ ဖွံ့ဖြိုးတိုးတက်နေသောကျေးရွာများ
၀၉:၅၀ စိုက်နည်းစနစ်ဖြင့်အထွက်တိုးမည့်ကြံ

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၄-၂-၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၅) တွင် ကျောင်းစုံညီပွဲတော်၌ ပညာပေးကဇာတ်တစ်ပုဒ် တင်ဆက်ရာတွင် ကျောင်းသူကျောင်းသားများသည် မိမိတို့၏ ကျရာတာဝန်ကို ကျေပွန်ကြပြီး မည်သည့်အလုပ်မျိုးကိုမဆို ပီပီပြင်ပြင် လုပ်ဆောင်နိုင်သူသည် အရေးအပါဆုံးသူဖြစ်သည်ကို ကျောင်းအုပ်ဆရာကြီးက တပည့်များအား ဆုံးမထားသည့်အကြောင်း တင်ဆက်ထားသည့် "အလှကိုယ်စီ" မျက်နှာဖုံးကာတွန်းဇာတ်လမ်း၊ ယုန်ညီအစ်ကိုနှစ်ယောက်ကို စိတ်ဝမ်းကွဲအောင် ကုန်းတိုက်စကားပြောသည့် မြေခွေးအကြောင်း တင်ဆက်ထားသည့် "ယုန်ညီအစ်ကို" နှစ်မျက်နှာကာတွန်း၊ မိတ်ဆွေတစ်ယောက်က မြို့တွင်နေထိုင်သည့် သူ၏ ညီလေးထံသို့ စာရေးပေးရန် မောင်ခက်၏ အကူအညီတောင်းသည့်အခါ မောင်ခက်၏ အဖြေကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "မောင်ခက်နှင့်မိတ်ဆွေ" တစ်မျက်နှာကာတွန်း၊ လူကြီးများမသိအောင် မာလကာပင်ပေါ်သို့ အသီးများတက်ခူးပြီး အောက်သို့ပြန်ဆင်းမည့်အချိန်တွင် ခွေးကိုက်ခံရမည့် အန္တရာယ်နှင့်ကြုံတွေ့ရသော သားဖော်အကြောင်း တင်ဆက်ထားသည့် "ကြံရခက်" နှစ်မျက်နှာကာတွန်း၊ ဦးအောကိုသူ၏ သူငယ်ချင်းများက ဗီဒီယိုရိုက်ရန်ခေါ်သွားသည်ကို ရန်ပိုင်စိုး၏ သူငယ်ချင်းက အထင်မှားပြီး ပြောသည့်အကြောင်း တင်ဆက်ထားသည့် "ရန်ပိုင်စိုး" နှစ်မျက်နှာကာတွန်း၊ တပို့တွဲလတွင် ရာသီပန်းများ ပွင့်ကြပုံ၊ ရာသီဥတုအခြေအနေနှင့် ရာသီပွဲတော်အဖြစ် ထမနဲများစုပေါင်း၍ ထိုးကြသည့်အကြောင်း ရေးဖွဲ့ထားသည့် "လမြတ်တပို့တွဲ" ကဗျာကဏ္ဍ၊ ကျောင်းပိတ်ရက်တွင် ကစားရန်ခေါ်သည့် သူငယ်ချင်းကို စာအတူတူကျက်ရန် ပြန်လည်ပြောကြားသည့် ဖိုးတစ်တိုအကြောင်း




တင်ဆက်ထားသည့် "ဖိုးတစ်တို" မျက်နှာဝက်ကာတွန်း၊ သုတကဏ္ဍ၊ အင်္ဂလိပ်စာ သင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကြကဏ္ဍနှင့် ပုံပြင်ကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၂-၂၀၂၃

**ရွှေ**

| | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၂၆၉၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၂၆၇၉၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၂၄ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၂၅ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၄၅ ကျပ် | ၂၃၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၂၅ ကျပ် | ၂၄၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၇၀ ကျပ် | ၂၂၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၄၀ ကျပ် | ၂၂၉၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၈၆ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၉၉ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၃ . ၉၂၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၆၁၆ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၉၂ . ၂၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၁၁ . ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၃၈ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၆၀၀ | ၄၈၂ | ၄၁၀၅၂၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၃၀၂ | ၉၉၆၆၅၀ |
| MCB | ၇၅၀၀ | ၇၇၀၀ | ၁၂ | ၉၂၀၀၀ |
| FPB | ၂၀၀၀ | ၂၀၀၀ | ၁၂၈၄ | ၂၅၆၈၀၅၀ |
| TMH | ၂၅၅၀ | ၂၆၀၀ | ၂၂ | ၅၇၁၅၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၂ | ၅၄၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၂၄၄ | ၁၁၉၅၆၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၁၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရွှေလီနယ်စပ်ဂိတ်၌ ကပ်ရောဂါမတိုင်မီက အခြေအနေသို့ ပြန်လည်ရောက်ရှိ

